အမရပူရမြို့,

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

သူဌေးကောင်းလက္ခဏာ

တရားတော်

နှင့်

အရှင်ကုလ္လာလာဘိဝံသ၏

ညဝါဒကထာ



နယူးဘားမားအော့(ဗ်)ဆက်ပ်ဒ်ကပုံနှိပ်တိုက်

အမရပူရမြို့။

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်

အမှတ်(၇၀၉/၂၀၁၀)(၁၀)

စာအုပ်စာတန်း စာနယ်ဇင်း မျက်နှာပုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုချက်အမှတ် (၆၀၂/၂၀၀၀)(၁၀)

အုပ်ရေ ၅၀၀၀
အကြိမ် ဆဋ္ဌမအကြိမ်

တန်ဖိုး ( )

ထုတ်ဝေသူ – ဦးမောင်မောင် (မြ-၀၃၂၇၁)၊
မဟာဂန္ဓာရုံစာပေ၊ ပိန်းတန်းရပ်၊ အမရပူရမြို့။

ပုံနှိပ်သူ – ဦးမောင်မောင် (၀၁၈၂၄)၊
နယူးဘားမားအော့ဖ်ဆက်ပိဋ္ဌကပုံနှိပ်တိုက်၊
မဟာဂန္ဓာရုံဇရပ်ဝင်း၊ အမရပူရမြို့။

မာတိကာခေါင်းစဉ်

အကြောင်းအရာ	စာမျက်နှာ
ကိုယ့်ကိုယ်ကို စဉ်းစားရအောင်	၂
မာတ်ကိုယ်ကြီးက မာတ်ခံတွေပါလာ	၃
မာတ်ခံပါလာတာ မယုံဘူးလား	၄
တစ်ကန့်စီ တစ်ကန့်စီ စဉ်းစား	၅
ကမ္မသတ္တိအရ မာတ်ခံပါလျက်ရှိ	၆
မာတ်မကျအောင် ရိုးဖြောင့်ရမယ်	၉
ပထမ ဒုတိယ သူတော်ကောင်း ဂုဏ်အင်္ဂါ	၁၁၊၁၂
အလောင်းတော် ခြသေ့်မင်း	၁၃
မာ်တ်ခံကောင်းမှ တန်ဖိုးရှိ	၁၆
တတိယ စတုတ္ထ ပဉ္စမ သူတော်ကောင်းဂုဏ်အင်္ဂါ	၁၈၊၁၉၊၂၀
ဆင်းရဲသူကို ငဲ့ညှာရင်	၂၂
လှူလှူဆိုတိုင်း မကောင်း	၂၅
ထမင်းဦးလေး ခူးလောင်းရုံနှင့် မမွဲ	၂၆
ကြီးပွားရေးအတွက် တရားတော်က ဖြေရှင်းပေးနိုင်	၂၇
အရှင်အာနန္ဒာ စဉ်းစားချက်	၂၉
ပြောင်းပြန် ပြန်ကြည့်ဦး	၃၀
ဘုန်းကြီး အလေ့အထ	၃၂
ကျေးဇူးသိသော ဆရာတော်ကြီးတွေ	၃၃
သူတော်ကောင်းစစ်ဖြစ်အောင် ကြိုးစား	၃၅
ဘုန်းကြီးငယ်ငယ်က စဉ်းစားခဲ့ပုံ	၃၇
လက်လှမ်းမီလျက်သားနဲ့ မလိုက်မရှိရ	၃၈
နိဂုံးချုပ်တိုက်တွန်းချက်	၃၉
အရှင်ကုဏ္ဍလာဘိဝံသ၏ သြဝါဒကထာ	၄၃

အမရပူရမြို့ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

ဟောကြားတော်မူအပ်သော

သူတော်ကောင်းလက္ခဏာ

တရားတော်



ဘုန်းကြီး ဟောဖို့ စိတ်ကူးထားတာ "သူတော်ကောင်းဆိုတဲ့ လက္ခဏာ" ဟာ ဘယ်လိုလဲလို့ သူတော်ကောင်းရဲ့အကြောင်းကို ဟောပေးမယ်။

ယော ဝေ ကတညူ၊ ကတဝေဒီ ဓိရော,
ကလျာဏမိတ္တော ဒဠှဘတ္တိ ဟောတိ၊
ဒုက္ခိတဿ သက္ကစ္စံ ကရောတိ ကိစ္စံ,
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ [၁]။

ယော ဓီရော–နုဂိမူလ, ဓာတ်ခံရသဖြင့်, ဘဝနောက်နှောင်း, ကောင်းထက်ကောင်းဖို့, လမ်းကြောင်းတိထွင်, အကြင်ပညာရှင်သည်၊ ဝေ–စင်စစ်ဇကန်, အမှန်စိတ်ဟား, ရိုးဖြောင့်သောအားဖြင့်,

---

၁။ ခု။ ၆။ ၁၀။

ကတညူ–သူတစ်ပါးတို့, ပြုထားအပ်ဖူး, မြတ်ကျေးဇူးကို, အထူးရှိသရွေ့, သိလေ့ရှိသည်လည်းကောင်း၊ ကတဝေဒီ–သူများပြုအပ်, ကျေးဇူးရပ်ကို, တတ်သရွေ့ မှတ်သရွေ့, ဆပ်လေ့ရှိသည်လည်းကောင်း၊ ဟုတ္တာ–ဖြစ်၍၊ ကလျာဏမိတ္တာ–မိကောင်းဖကောင်း, ဆရာကောင်းနှင့်, ဖော်ပေါင်းအတိ, မိတ်ကောင်းရှိသည်၊ ဒဋ္ဌဘတ္တိ–ထို မိတ်ကောင်းလဲ, အသည်းစွဲမျှ, အမြဲမပြတ်, ဆည်းကပ်လေ့ရှိသည်၊ ဟောတိ–ဖြစ်၏၊ ဒုက္ခိတဿ–မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပံ့ထောက်မဲ့ဟူ, ဆင်းရဲသူ၏၊ ကိစ္စ–စားသောက်နေရေး, ဆေးဝါးပေးလျက်, လုပ်ကျွေးသမှု, ကိစ္စစုကို၊ သက္ကစ္စံ ကရောတိ–ကိုယ်ချင်းစာနာ, သနားညှာလျက်, များစွာပုံသေ, ပြုစုတတ်ပေ၏၊ တထာဝိဓံ–သို့ကလိုဂုဏ်အင်, စုံလင်ပေသည့်, ပညာရှိအပေါင်း, သူတော်ကောင်းကို၊ သပ္ပုရိသံ–မြင့်ထက်မြင့်သည့်, အကျင့်အလွန်ကောင်း, သူတော်ကောင်းဟူ၍၊ ဝဒန္တိ–ဘုရားစသား, ပုဂ္ဂိုလ်များက, လေးစားကြည်ဖြူ, ချီးမွမ်းတော်မူကြလေသတည်း။

ကိုယ့်ကိုယ်ကို စဉ်းစားရအောင် တထာဝိဓံ–သို့ကလိုဂုဏ်အင်, စုံလင်ပေသည့်, ပညာရှိအပေါင်း, သူတော်ကောင်းကို၊ သပ္ပုရိသံ–ဘဝနောက်နှောင်း, ကောင်းထက်ကောင်းမည့်, လမ်းကြောင်းတိုထွင်, သူတော်စင်ဟူ၍၊ ဝဒန္တိ–ဘုရားစသား, ပုဂ္ဂိုလ်များက, လေးစားကြည်ဖြူ, ချီးမွမ်းတော်မူကြကုန်၏တဲ့။

"သပ္ပုရိသ"ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုန်းဆိုတော့–

ယောဓိရော–ဘဝနောက်နှောင်း, ကောင်းထက်ကောင်းဖို့, လမ်းကြောင်းတီထွင်, အကြင် ပညာရှင်သည်–

အားလုံးစိတ်တွေမှာလေ ကိုယ့်ကိုယ်ကို ပြန်သွင်းထားလိုက်၊ ဘုန်းကြီးက ဘုန်းကြီးကိုယ်ကို ပြန်ပြီးတော့ စိတ်ထားမယ်၊ ယခု အလှူရှင်ဖြစ်တဲ့ ဆရာဝန်တို့–ဆရာဝန်ကတော်တို့က သပ္ပုရိသဂုဏ်အင်္ဂါနဲ့ ပြည့်စုံသလား, မပြည့်စုံဘူးလား၊ ပြည့်စုံရင် ဘယ်လောက် ပြည့်စုံတယ်ဆိုတာကို စဉ်းစားရအောင် ကိုယ့်ကိုယ်ကို စိတ်က အာရုံပြုထားလိုက်၊ ကိုယ်ရဲ့ ဘဝတစ်သက်တာ လာခဲ့တဲ့ အကြောင်းအရာတွေ ပြန်ပြီးတော့ စဉ်းစားရင် "အင်း...ဒီဂုဏ်နဲ့ ဒီအင်္ဂါနဲ့တော့ ငါပြည့်စုံတယ်၊ ပြည့်စုံတာမှ ဘယ်လောက် ပြည့်စုံတယ်၊ သို့မဟုတ် ဒီအင်္ဂါတော့ ငါ ဘယ်လောက် လိုသေးတယ်" အဲဒါ စဉ်းစားရအောင်လေ။

ဓာတ်ကိုယ်ကြီးက ဓာတ်ခံတွေပါလာ ယောဓိရော–နဂိုမူလ, ဓာတ်ခံရသဖြင့်, ဘဝနောက်နှောင်း, ကောင်းထက်ကောင်းဖို့, လမ်းကြောင်းတီထွင်, အကြင် သူတော်စင်သည်၊ "နဂိုမူလ, ဓာတ်ခံရသဖြင့်"လို့ ဒါလေး စဉ်းစားရမယ်၊ ဘုန်းကြီးတို့ တစ်တွေဟာ ဓာတ်တွေ စုပေါင်းနေတဲ့ ခန္ဓာကိုယ်၊ ဥပမာ–မျက်လုံးမှာ စက္ခုဓာတ်ရှိတယ်၊ နားထဲမှာ သောတဓာတ် သောတပသာဒရှိတယ်၊ နှာခေါင်းထဲမှာ ဃာနဓာတ်–ဃာနပသာဒရှိတယ်၊ အဲဒီလို စသည်ဖြင့် ,ဘဒယထဲမှာ မနောဝိညာဏဓာတ် စိတ်ဝိညာဉ်တွေ ရှိတယ်၊ ဒီပြင် စိတ်ဝိညာဉ်မှတစ်ပါး

စေတသိက်ဆိုတဲ့ တရားတွေ၊ တချို့သော ရုပ်တွေက ဓမ္မဓာတ်၊ အားလုံး ခန္ဓာကိုယ်ကြီးဟာ ဓာတ်ကောင်ကြီး။

"ယော ဓိရော-နဂိမ္ဂလ, ဓာတ်ခံရသဖြင့်"လို့ ဆိုတော့ အဲဒီ ဓမ္မဓာတ်ထဲက ဘုန်းကြီးတို့ ဓာတ်ခံတွေ ဘဝသံသရာမှာ ဓာတ်ကောင်ကြီး အဖြစ်နဲ့ လာခဲ့ရာက အဲဒီ ဓာတ်ခံ ပါလာတယ်၊ မကောင်းတဲ့သူက မကောင်းတဲ့ဓာတ်ခံ ပါလာ, ကောင်းတဲ့သူက ကောင်းတဲ့ဓာတ်ခံ ပါလာတယ်၊ ဒါလေးကို ဘုန်းကြီးတို့ မယုံကြည်နိုင်ကြတဲ့ သူများအတွက် ထပ်ပြီးတော့ စဉ်းစားကြ အုန်းစို့ရဲ့။

ဓာတ်ခံပါလာတာ မယုံဘူးလား ကလေးတစ်ယောက် ဖွားမြင်လာတယ်ဆိုတော့ ဒီမိ-ဒီဖ အတူတူပဲ၊ သွေးသားတွေ ဖြစ်ပြီးတော့ ပေါက်ဖွားလာတဲ့ သားသမီး, စိတ်ချင်း တူရဲ့လား, မတူပါဘူး၊ ကောင်းပြီ အရည်အချင်း, ဉာဏ်ချင်း တူရဲ့လား, မတူဘူး၊ ကောင်းပြီ လုံ့လဝီရိယချင်း တူရဲ့လား, မတူဘူး၊ ထားစမ်း-ဒီတစ်မိ တစ်ဖထဲ ဆိုပေမယ့် အချိန်ချင်းက အကြီးနဲ့ အငယ်နဲ့ အသက်နဲ့ ဆိုတာတွေ ကွဲလို့ မတူတာ ထင်ပါရဲ့လို့ဆိုတော့ အမြွာမွေး ယောကျ်ားလေး နှစ်ယောက်, မိန်းကလေးနှစ်ယောက် အမြွာမွေးတယ်၊ တူဖို့ကောင်းတယ်၊ မိသွေး ဖသွေး တစ်သွေးထဲ၊ တကတဲ ရှေ့ဆင့် နောက်ဆင့် မွေးလာတယ်, တူဖို့ကောင်း၊ ရုပ်ချင်းကတော့ သွေးသားအကြောင်းတွေက အထောက်အပံ့ရတော့ ရုပ်ချင်းကတော့

အတော်တူတယ်၊ တစ်ခါတစ်ခါ ခွဲမရအောင်တူတယ်၊ စိတ်ချင်း ဘယ့်နယ်နေတုန်း, မတူလိုက်တာ၊ ဉာဏ်ချင်း ဘယ့်နယ်နေတုန်း, မတူလိုက်တာ၊ လုံ့လဝီရိယချင်း ဘယ့်နယ်နေတုန်း, မတူလိုက်တာ၊ နောက်တော့ အကျိုးပေးချင်းကော အို–မတူလိုက်တာ၊ နောက်ဆုံး ရောဂါဘယာချင်းကော အို–မတူလိုက်တာ၊ ဩတော့ကော မတူလိုက်တာ၊ ဩ–တစ်ယောက်နှင့် တစ်ယောက် မတူတာ ထောက်လို့ရှိရင် ဓာတ်ခံချင်း ကွဲလာပြီ။

တစ်ကန့်စီ တစ်ကန့်စီ စဉ်းစား "ယော မိရော–နဂိုမူလ, ဓာတ်ခံရသဖြင့်, ဘဝနောက်နှောင်း, ကောင်းထက်ကောင်းဖို့, လမ်းကြောင်းတိုထွင်, အကြင် ပညာရှင်သည်"–စဉ်းစားရမယ်၊ ဘုန်းကြီးက မစဉ်းစားဘဲနဲ့ နမော်နမဲ့ ကြီးလာတဲ့ သူတွေကို တယ်မကျေနပ်ဘူး၊ စဉ်းစဉ်းစားစားနဲ့ ဆိုတဲ့ စကားကို ပြောရအုံးမယ်၊ ဒီ ဘုန်းကြီးတို့ဟာ တစ်ကန့်စီ တစ်ကန့်စီ စဉ်းစားတာဟာ အင်မတန်ကောင်းတယ်၊ ဟိုဘက် ဘဝက တစ်ကန့်၊ ယခု ဘဝက တစ်ကန့်၊ နောက်လာမယ့် ဘဝက တစ်ကန့်၊ အဲဒီတော့ တစ်ကန့် တစ်ကန့်မှာလေ အင်မတန်ကောင်းအောင် ကြိုးစားလိုက်လို့ရှိရင်ဖြင့် အို-တစ်ခါထဲ တက်ပြီးတော့ ဘဝပေါင်းများစွာ သွားပြန်ရော၊ ဒီတော့ ဘုန်းကြီးက ဒီဘဝကို တစ်ကန့်လို့ ယူထားတယ်၊ ဟို လွန်ခဲ့တဲ့ ဘဝပေါင်းများစွာက တစ်ကန့်၊ အဲဒီ ဓာတ်ခံတွေက ယခု ပါလာတယ်၊ ငါ့မှာ ပါလာတယ်၊ ယခု အလှူဒကာမှာ, ရဟန်းအမမှာ ပါလာတယ်၊ ဟိုဘက် ဘဝက ဓာတ်တွေဟာ

ဒီအကန့်ထဲ ပါလာ, ဒီ ဘဝ ဒီအကန့်ထဲ ပါလာ၊ ဒါလေးကို မြတ်စွာဘုရားက ဘယ်လိုများ အမိန့်ရှိတုန်း။

ကုသလာ ကုသလံ–ကုသိုလ် အကုသိုလ်ဖြစ်တဲ့၊ ကမ္မံ–ကမ္မစေတနာသည်၊ ဝိပါကာနံ–အကျိုးဝိပါက်တို့အား၊ ကမ္မ ပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏ တဲ့။

ကမ္မသတ္တိအရ ဓာတ်ခံပါလျက်ရှိ

ဟိုဘဝက ကုသိုလ်ပြုပြု, အကုသိုလ်ပြုပြု အဲဒီ ကုသိုလ် အကုသိုလ်ကံက ဓာတ်ခံအဖြစ်နဲ့ ခန္ဓာကိုယ်မှာ သတ္တိကျန်ရစ်တယ်၊ ဘာသတ္တိလဲ, ကမ္မပစ္စည်းသတ္တိ ကျန်ရစ်တယ်၊ အဲဒီ ကမ္မပစ္စည်းသတ္တိက သင့်တော်တဲ့ အချိန်ကျရင် အကျိုးပေးပါရော၊ ဒါ့ကြောင့် အဲဒီ ဓာတ်ခံလေးဟာ ပြန်ပြီးတော့ စဉ်းစားရမယ်၊ ကိုယ့်ကိုယ်ကို ဒီ အကန့်ကနေပြီးတော့ လွန်ခဲ့တဲ့ ဘဝသံသရာကို မှန်းကြည့်လို့ရှိရင် ငါ ဘယ်လိုဓာတ်ခံ ပါလာသလဲ၊ ငါ ဒီဘဝ အကျိုးပေးတဲ့မျိုးရိုး ဘယ်လို ဓာတ်ခံကြောင့် ဘယ်လို အမျိုးအရိုး လာပေးတယ်၊ ငါ ဒီဘဝမှာ ရုပ်အဆင်းက ဘယ်လို ကုသိုလ်ဓာတ်ခံကြောင့် ဘယ်လို ရုပ်အဆင်းမျိုး လာပေးတယ်၊ ငါ ဒီဘဝမှာ စည်းစိမ်ဥစ္စာက ဘယ်လိုဓာတ်ခံကြောင့် စည်းစိမ်ဥစ္စာ လာပေးတယ်၊ ဒါလေးတွေလေ ဒီကံနဲ့ ကံရဲ့ အကျိုးပေးပုံတွေ ကြည့်ရင် ငါဘယ်လို ဓာတ်ခံပါလာတယ်၊ ငါ့ စိတ်နေစိတ်ထားဟာလေ ဘယ်လို သဘောရှိတယ်၊ ကောင်းတယ်,

မကောင်းဘူး, ကိုယ့်ဟာကိုယ် အသိဆုံး၊ အဲဒီ သိတဲ့ဥစ္စာ ကောင်းလဲ ရှေးဘဝကဓာတ်ခံပဲ, မကောင်းလဲ ရှေးဘဝက ဓာတ်ခံပဲ၊ အဲဒီ ဓာတ်ခံဟာ ဒီအကန့် ရောက်လာတယ်၊ ဒီအကန့် ရောက်လာတော့ ဒီအကန့်က နောင်လာမယ့် ဘဝသံသရာ လှမ်းမျှော်လိုက်တဲ့အခါကျတော့ "ဟာ–ဒီဘဝ ဓာတ်တွေဟာ နောင်လာမယ့် ဘဝသံသရာတွေမှာ ဆက်အုံးမှာပါလား၊ နိဗ္ဗာန် မရမချင်း ဆက်အုံးမှာပါလား" ဟောဒီလို သဘောပေါက်တော့ အိုး–ဒီဘဝမှာလေ သိပ်ကောင်းအောင် ကြိုးစားချင်လာတဲ့စိတ် ဖြစ်လာတယ်၊ အလွန်ကောင်းတယ်, အလွန်ကောင်းတယ်၊ ဒါ မစဉ်းစားလို့ မဖြစ်ဘူး။

ယော မိရော–နကိုမူလ, ဓာတ်ခံရသဖြင့်...

ဒါက ဓာတ်ကောင်း ရလာလို့, အသိဉာဏ်တွေ ဘာတွေက ရှိလာလို့, မိကောင်း ဖကောင်းတွေက အဆုံးအမတွေ ပေးလာလို့, ဆရာသမားကောင်းတွေက ညွှန်ပြလို့, ဆုံးမလို့, ကိုယ်ကလဲ လိုက်နာလို့, နားထောင်လို့ အဲဒီ ဓာတ်ကောင်း ပါလာတာ၊ ဓာတ်ကောင်း ပါလာတာ၊ ဓာတ်ကောင်း ပါမလာတဲ့ သူကို မိကောင်း ဖကောင်း အဲဒီ ဓာတ်ကောင်း ပါဖို့ ဆုံးမပေမယ့် နားမထောင်ပေါင်၊ ဆရာကောင်း သမားကောင်းက ဆုံးမပေမယ့် နားမထောင်ပေါင်၊ ဒါ ဓာတ်ကောင်း ပါမလာလို့ သိပ် ကြောက်စရာကောင်းတာ ဒီဓာတ်က–

ယော မိရော–နကိုမူလ, ဓာတ်ခံရသဖြင့်...

ကိုင်း–ဘုန်းကြီးတို့ မာတ်ကောင်း အထိုက်အလျောက် ရကြပြီပဲ၊ ရလို့ ဒီ အခြေအနေ ရောက်နေကြပြီ၊ ဒါ လွန်ခဲ့တဲ့ ဘဝ အကန့်ကို ကြည့်ရင် အလွန် အားရစရာ ကောင်းတယ်၊ "အို– တို့ အဆင့်အတန်းမနိမ့်သော ဘဝမှာ စိတ်နေစိတ်ထား မညံ့တဲ့ ပုဂ္ဂိုလ်တစ်ယောက် အဖြစ်နဲ့ တို့ ရောက်နေတယ်၊ ဒီ အကန့်မှာ ရောက်နေတယ်၊ အတော် အားရစရာ ကောင်းပါ လားလို့" ကိုယ့်ကိုယ်ကို အင်မတန် ကျေကျေနပ်နပ် ဖြစ်ပြီး တော့ လာမယ့်ဘဝကို မျှော်လိုက်ရတယ်။

"ယော ဓိရော–နဂိုမူလ,မာတ်ခံရသဖြင့်, ဘဝနောက်နောင်း, ကောင်းထက်ကောင်း ဖို့, လမ်းကြောင်းတိထွင်, အကြင်ပညာရှင် သည်" ငါ ဒီဘဝ ဒီအကန့်က ကြိုးစားလို့ရှိရင် သေသေချာချာ ဒီထက် မြင့်သွားမယ်၊ ခံစားဖို့လား, မဟုတ်ဘူးလေ၊ ဒီထက် ဉာဏ်တွေ မြင့်သွားမယ်၊ ခံစားဖို့လား, မဟုတ်ဘူးလေ၊ လုံ့လ ဝီရိယတွေ ထက်သန်လာမယ်၊ ဘာလုပ်ဖို့လဲ, မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုဖို့၊ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုဖို့၊ နိဗ္ဗာန ပစ္စယော–နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ်ဖို့။

"ယော ဓိရော–နဂိုမူလ,မာတ်ခံရသဖြင့်, ဘဝနောက်နောင်း, ကောင်းထက်ကောင်း ဖို့, လမ်းကြောင်းတိထွင်, အကြင်ပညာရှင် သည်" ဒါလေး ရပ်ပြီးတော့ ဘုန်းကြီးတို့တစ်တွေ, အခု တရားနာလာတဲ့ ဒကာတို့တစ်တွေ အားလုံး တပည့် ဒကာမတွေ အားလုံး စဉ်းစားရမယ်။

ဓာတ်မကျအောင် ရိုးဖြောင့်ရမယ် ဝေ–စင်စစ်ကေန်, အမှန်စိတ်ထား, ရိုးဖြောင့်သောအားဖြင့်၊ အို–မလွယ်လိုက်တာ၊ ဝေ–စင်စစ်ကေန်, အမှန်စိတ်ထား, ရိုးဖြောင့်သောအားဖြင့်၊ ကတညူ–သူတစ်ပါးတို့, ပြုထားအပ်ဖူး, မြတ်ကျေးဇူးကို, အထူးရှိသရွေ့, သိလေ့ရှိသည်လည်းကောင်း။

အားလုံး လုပ်ရမယ့် သူတော်ကောင်းလက္ခဏာတွေဟာ ရိုးရိုးသားသား, စိတ်ဖြောင့်ဖြောင့် ပရိယာယ် မပါဘူး, ဟန်မဟုတ်ဘူး၊ သူများ အထင်ကြီးအောင်, ဂုဏ်ရှိအောင်, ချီးမွမ်းခံရအောင်, နာမည်ကျော်အောင် ဒီလို မဟုတ်ဘူး၊ ရိုးရိုးကလေးကိုယ့်စိတ်ဓာတ်ကို ကိုယ်မြှင့်တင်နေတာ၊ ကိုယ့်ဓာတ်ကို ကိုယ်ကောင်းသထက်ကောင်းအောင် မြှင့်တင်နေတာ၊ ဒီဓာတ်ဟာ ဘယ်ထိအောင် သွားရမှာတုန်းလို့ဆိုတော့ မင်္ဂလာတ်,ဖိုလ်ဓာတ်, အရိယာဓာတ်, ရဟန္တာဓာတ်ထိအောင် သွားရမှာ၊ ဓာတ်မြင့်သွားရအောင်။

"ဝေ–စင်စစ်ကေန်, အမှန်စိတ်ထား, ရိုးဖြောင့်သောအားဖြင့်" နည်းနည်းကလေး ကောက်ပေးလိုက်စမ်း၊ အို–ဓာတ်တွေကို လွဲလို့၊ တကတဲ ဓာတ်မတိုးတဲ့ပြင် ဓာတ်မှားတွေဖြစ်ပြီး ဓာတ်ကျသွားမှာ၊ မရိုးလို့ရှိရင် ဓာတ်ကျသွားမှာ၊ ဘာမရိုးသလဲ၊ အလုပ်တစ်ခု လုပ်လို့ရှိရင် ဂုဏ်လိုချင်တယ်, အဲဒါ မရိုးတာ၊ ဂုဏ်လိုချင်တယ်ဆိုတဲ့ဥစ္စာဟာ တရားကိုယ်က (လောဘပါလာတယ်၊) အဲဒီကတဲက ဓာတ်နည်းနည်းညံ့သွားပြီ၊ အဲ ဘုန်းကြီးက အခု တရားဟောနေတယ်၊ တရားဟောတဲ့ဥစ္စာ အို–အရှင်ဘုရား,

ဘယ်လို ညာလို စသည်ဖြင့် နာမည်လိုချင့်တယ်ဆိုရင် လောဘ ပါလာတယ်၊ အဲဒီ လောဘဟာ_ဓာတ်ကျသွားတယ်၊ အဲ–ပရိယာယ်မာယာနဲ့ သူများအထင်ကြီးအောင် ဟန်ပန်လေသံနဲ့ လုပ်နေသရွေ့ ဓာတ်တွေကျပြီးတော့ လောဘဖြစ်တယ်၊ ဒါကြောင့်–

"ဝေ–စင်စစ်ကေန်, အမှန်စိတ်ထား, ရိုးဖြောင့်သောအားဖြင့်" နည်းနည်းများ ဂုဏ်လိုချင်တယ်ဆိုလို့ရှိရင် "ဟဲ့–နင်ဂုဏ်မလိုချင်နဲ့, ကိုယ့်ဓာတ်ကိုယ် မြှင့်တင်ရမယ်"၊ နည်းနည်းလေးများ နာမည်ကြီးချင်တယ်ဆိုလို့ရှိရင် "အို–နာမည် မလိုချင်နဲ့၊ ကိုယ်က တဏှာတဲ့ သူတစ်ပါးကို ကောင်းစားအောင် လုပ်နေတဲ့ဥစ္စာပဲ၊ ဘာပြုလို့ ဒီကြားထဲ နာမည်လိုချင်တဲ့ လောဘပါနေရသလဲ၊ မေတ္တာဓာတ်, ကရုဏာဓာတ် ဖြောင့်ဖြောင့်ကြီး နေပါစေလား" ဟောဒီလို ကိုယ့်ဓာတ်ကလေး ကိုယ်လေ ချိန်ပြီးတော့ စိတ်ဓာတ် နာမ်ဓာတ်ကလေးကို ချိန်ပြီးတော့ ကြည့်ရမယ်၊ သွားတဲ့လာတဲ့ စားတဲ့ သောက်တဲ့ အခါမှာလဲ ပရိယာယ် မာယာဟန်တွေ ပါသလားလို့, ရုပ်ဓာတ်ကလေးကို ချိန်ကြည့်ရမယ်၊ ကိုယ့်ကိုယ်ကို ချိန်ကြည့်နေကြဆိုတော့ သူများကိုလေ ချိန်ကြည့်ရတာ သိပ်လွယ်လွယ်ကူကူနဲ့ နားလည်တာပဲ, သိတာပဲ။

"ဝေ–စင်စစ်ကေန်, အမှန်စိတ်ထား, ရိုးဖြောင့်သောအားဖြင့်" ဖြောင့်ဖြောင့်–ဘာဖြစ်ဖြစ် ရိုးရိုးဖြောင့်ဖြောင့်၊ အထက်လူကြီးက ငါ့ကို အထင်ကြီးအောင် ဒီလိုပါလားလို့ရှိရင်ကို တကတဲ့ လောဘကလေးကလေ ဓာတ်ကို နှိမ်ပြီးတော့ ဓာတ်ကို

ဖျက်ဖျက်ပစ်တယ်၊ တော်တော် မကျေနပ်စရာကောင်းတာ၊ ဒီမရိုးမဖြောင့်တဲ့ဥစ္စာတွေယာ မဖြောင့်ဘူးဆိုလို့ရှိရင် မှားပြီ၊ လမ်းလွဲပြီ၊ လမ်းလွဲတယ်ဆိုကတဲ့က ဟို–နိဗ္ဗာနဓာတ်ကို ရောက်ဖို့ရာကို အပုံကြီး ခရီးတွေ ကွာသွားပြန်ပြီ၊ ဒါ့ကြောင့် ရိုးရိုးဖြောင့်ဖြောင့် သွားမှ လမ်းဖြောင့်လို့ မင်္ဂလာတ်,ဖိုလ်ဓာတ်, နိဗ္ဗာနဓာတ်နဲ့ ကပ်သွားမယ်။

ပထမသူတော်ကောင်း ဂုဏ်အင်္ဂါ ယော ဓီရော–နကိုမူလ, ဓာတ်ခံရသဖြင့်, ဘဝနောက်နှောင်း, ကောင်းထက်ကောင်းဖို့, လမ်းကြောင်းတီထွင်, အကြင် ပညာရှင်သည်၊ ဇဝ–စင်စစ်ကေန်, အမှန်စိတ်ထား, ရိုးဖြောင့်သောအားဖြင့်၊ ကတညူ–သူတစ်ပါးတို့, ပြုထားအပ်ဖူး, မြတ်ကျေးဇူးကို, အထူးသိသရွေ့, သိလေ့ရှိသည်လည်းကောင်း။

ဟော–အင်္ဂါတစ်ပါး, သူတော်ကောင်း အင်္ဂါတစ်ပါး၊ သူတစ်ပါးက ဘာပြုဖူးတယ်၊ ဥပမာ–တို့ငယ်ငယ်တုန်းက မိဘများကလေ တို့ကို ဘယ်လို စောင့်ရှောက်ခဲ့လိမ့်မယ်၊ ကြည့်စမ်း, ငါတို့က ငါတို့ သားသမီးကို ဘယ်လို စောင့်ရှောက်တယ်, ဒီလိုဆိုရင် ငါတို့မိဘက ငါတို့ကို ဘယ်လို စောင့်ရှောက်ခဲ့လိမ့်မယ်နော်၊ တို့ ဘာမှ မသိခင် လူမမယ်ကလေးဘဝတုန်းက တို့ အဖေအမေများက ဘယ်လို စောင့်ရှောက်ခဲ့လိမ့်မယ်နော်၊ တို့ကို တို့ဘိုးဘွားများက တို့ကို ချစ်တယ်လို့ ဆိုတယ်နော်၊ တို့ကို ဘယ်လို ချစ်ရှာလိမ့်မယ်နော်, ဘယ်လို ယုယရှာလိမ့်မယ်နော်၊ အားလုံးလေ ပြန်ပြီးတော့ သိရ, တို့ဆရာသမားတွေကလေ

တို့ကို ဘယ်လို ချီးမြှောက်လိုက်လို့, ဘယ်လို စောင့်ရှောက်လိုက်လို့ တို့ ဒီအခြေအနေ ရောက်လာတယ်နော် သိရတယ်၊ ဟိုနားဒီနား သွားရင်းလာရင်း မိတ်ကောင်းဆွေကောင်းတွေတွေ့ပြန်လဲ "ဩော်–သူကလေ တို့ကို စောင့်ရှောက်ရှာတယ်" တကတဲ ကျေးဇူးကို သိလို့၊ ဒါ သူတော်ကောင်းလက္ခဏာ, သူတော်ကောင်းလက္ခဏာ။

အဲဒီလို ကျေးဇူးမသိဘဲနဲ့ ပြောင်းပြန် ပြန်ကြည့်လိုက်စမ်း၊ အို–အမေ အဖေ ကျေးဇူးမတင်နိုင်ပေါင်၊ ဆရာသမား အို–ကျေးဇူးမတင်နိုင်ပေါင်၊ ဘာကြောင့် ညာကြောင့်နဲ့ သူတို့က ကျေးဇူးမတင်စရာနဲ့ဆိုရင် သူတော်ကောင်းဆိုတဲ့ အဖြစ်မျိုးက ပြောင်းပြန် ပြန်ပြီးတော့ သွားပြန်တယ်။

ဒုတိယသူတော်ကောင်း ဂုဏ်အင်္ဂါ ကတညူ–သူတစ်ပါးတို့, ပြုထားအပ်ဖူး, မြတ်ကျေးဇူးကို, အထူးရှိသရွေ့, သိလေ့ရှိသည်လည်းကောင်း၊ ကတဝေဒီ–သူများပြုအပ်, ကျေးဇူးရပ်ကို, တတ်သရွေ့ မှတ်သရွေ့, ဆပ်လေ့ရှိသည်လည်းကောင်း။

နှစ်ချက်နော်၊ ကျေးဇူးတော့ သိပါရဲ့, ကျေးဇူးဆပ်မယ့်အချိန်ကျတော့ တွန့်တွန့်နေတယ်၊ ဒါက ဓာတ်ညံ့လို့, ဓာတ်ညံ့လို့၊ ကိုယ့်ကိုယ်ကို, ကိုယ့်စိတ်ကို သေသေချာချာ ကြည့်နော်၊ ကျေးဇူးဆပ်ရမယ့် အချိန်ကျတော့ စိတ်က တွန့်တွန့်သွားတယ်, နှမြောသလိုလို,ပျင်းသလိုလို အဲသလိုဖြစ်တော့ ကျေးဇူးဆပ်ရမယ့်အချိန်သူ့ကျေးဇူးတောင်မှ ကျေးဇူးမဆပ်ချင်သလိုလို, အလကားပါ,

ဘယ့်နယ်ညာ့နယ် ဟောဒီလို စိတ်ကလဲဖြစ်တယ်, နှုတ်ကလဲ ပြောမိတတ်တယ်၊ ဆိုပါတော့...မိဘတွေ ကျေးဇူးကို ကိုယ်က ပြန်ပြီးဆပ်ရမယ့်အချိန်မှာ သွက်သွက်လက်လက် ထက်ထဲက် မြက်မြက် စိတ်ပါလက်ပါ မဟုတ်တတ်ဘဲနဲ့ "အို–ဒီလောက်ဆို တော်ရောပေါ့, အို–ဒီလိုဆို တော်ရောပေါ့" အဲသလို စသည်အား ဖြင့် ကျေးဇူးဆပ်တဲ့ နေရာမှာလေ တွန့်ပြီးတော့နေပြီဆိုရင် သူတော်ကောင်းဓာတ် နည်းနည်းညံ့နေတာ၊ ဆရာသမားနဲ့ စပ်လာလို့ရှိရင် ဆရာသမားကျေးဇူးတွေ ငါ့မှာရှိတယ်၊ အဲဒီ ကျေးဇူးတွေ ငါ ဆပ်ရမယ်ဆိုရင် ပြန်တွန့်နေတယ်၊ ဆရာ့အလို တယ်မလိုက်ချင်ဘူး၊ ဆရာ့ကို ပြန်ပြီးတော့ ရိသေလေးမြတ်စွာနဲ့ ကိုးကိုးနှံ့နှံ့ တယ်ပြီး မနေချင်ဘူး၊ ဒါတွေလေ ကတဝေဒီဆိုတဲ့ ဂုဏ်အင်္ဂါ နည်းနည်းလေး ညံ့ပြီး ဓာတ်ရော့သွားတာ။

အလောင်းတော် ခြသေ့်မင်း: ကတဝေဒီ–သူများပြုအပ်, ကျေးဇူးရပ်ကို, တတ်သရွေ့ မှတ်သရွေ့, ဆပ်လေ့ရှိသည်လည်းကောင်း၊...ရှေးတုန်းက ဘုန်းကြီးတို့ ဘုရားအလောင်းဟာ ခြသေ့်မင်း ဖြစ်တယ်၊ တစ်ခါတော့ တောင်ပေါ်ကနေပြီး တစ်ဟုန်ထိုးခုန်ပြီး ဖမ်းလိုက်တာ အကောင်ကို မဖမ်းမိဘဲနဲ့ ညွှန့်ဗွက်ထဲ ကျနစ်ပါရောလား၊ ပြန်ပြီးတော့ ထဖို့ရာ ထောက်စရာ, ကန်စရာ ဘာမှမရှိတော့, အားကလဲပဲ ဘယ်လောက်ကြိုးစားကြိုးစား ထောက်စရာမရှိတော့, သူခုန်ပြီးတော့ ရန်းမထွက်နိုင်ဘူး, ရွံ့ညွန့်ထဲမှာ၊ အဲဒီအခါမှာ မြေခွေးတစ်ကောင်ဟာ မလှမ်းမကမ်း ရောက်လာတော့ ခြသေ့်က

လှမ်းခေါ်တယ်၊ "အသင်မြေခွေး လာပါ, လာစမ်းပါ" ဆိုတော့ မြေခွေးက လာရှာတယ်၊ လာလို့ အနားရောက်တော့ "ငါ့ကို ဗိုက်အောက်ကနေပြီး မ-ပေးပါ,မ-ပေးလို့ရှိရင် ငါ့အားနဲ့ ငါ ကြိုးစားပြီးတော့ ရန်းပါ့မယ်"ဆိုတော့ မြေခွေးက ကြောက်တယ် တဲ့၊ "အရှင်သခင်ကို ကျွန်တော် မ-ပေးရမှာဆိုတော့" "ကိစ္စ မရှိပါဘူး, ငါကျေးဇူးသိတတ်ပါတယ်"ဆိုတော့ မြေခွေးက နည်းနည်း ရဲလာပြီးတော့ အနားကပ်ပြီး ဟို ရှဉ့်ကလေးတွေကို ယက်၊ အဲ-ယက်ပြီးတော့ အနားကပ်ပြီး သူ့ခေါင်းက ဗိုက်အောက် ဝင်လောက်တဲ့အချိန်မှာ "ကြိုးစားလိုက်စမ်း-သခင်"လို့ ဆိုပြီး အားပေးလိုက်တာ၊ ဟိုကလဲ လွတ်ရုန်း လိုက်တာ တစ်ခါထဲ လွတ်ထွက်လာခဲ့ရော၊ ဟာ-ဝမ်းမြောက် ဝမ်းသာဖြစ်၊ ခြင်္သေ့ကလဲ ဝမ်းမြောက်ဝမ်းသာဖြစ်တယ်။

"အသင်မြေခွေး အသာ ဒီနားနေရစ်အုံး"ဆိုပြီးတော့ သူက တစ်ခါထဲ ဟို-သမင်တို့ ဘာတို့ လိုက်ရှာဖမ်းပြီး ယူလာတယ်၊ "စား-မိတ်ဆွေ စား"၊ မြေခွေးက နည်းနည်းလေးတော့ ရှဉ့် တွန့်တွန့်၊ "စား-စား" အမယ်လေး-ကျေးဇူးတင်လိုက်တာ, ကျေးဇူးသိတတ်လိုက်တာ "စား-စား"၊ နောက်တော့ "လာ လိုက်ခဲ့, ငါတို့နေတဲ့ဂူထဲလိုက်ခဲ့"ဆိုပြီးတော့ ခေါ်သွား၊ သူလဲ စားတယ်, သူလဲ အားတွေဘာတွေရှိ၊ ခေါ်သွားပြီးတော့"သင့်ရဲ့ ကလေးတွေနဲ့ သင့်ရဲ့ မယားခေါ်ခဲ့, တို့နဲ့ အတူတူ နေရအောင်"၊ ဟာ-ဒီတော့ ရဲလို့ အတူတူနေ၊ ဟို-တောကောင်တွေ ဘာတွေ ဖမ်းမိပြီဆိုမှဖြင့် "ဟာ-စားကြ၊ မြေခွေးရဲ့ သားမယားပါ စား ကြ"၊ ပြီးတော့ သူ့ရဲ့ကလေးတွေပါ, ခြင်္သေ့ပါ, ခြင်္သေ့မ-ပါ

စား့ကြ၊ ဒီလိုနဲ့ အရေးပါလိုက်တာ၊ အရေးပါတော့ ခြသော့်မက ကြာတော့ တယ်–မကျေနပ်ချင်ဘူး၊ ဘယ့်နယ် ငါ့ ခြသော့်ဟာ အရေးပါလွန်းတယ်၊ ဘာလဲ ညာလဲနဲ့ စိတ်ထဲ မကျေမနပ်နဲ့ တောင်တွေး မြောက်တွေး တွေးရာက ခြသော့်တို့, မြေခွေးတို့ အစာရှာသွားကြပြီဆို အတူတူသွားကြ၊ သွားကြပြီ ဆိုရင် သူက ခြသော့်ကလေးတွေကို ပြောတယ်၊ "ဟဲ့–ဟိုမြေခွေး ကလေးတွေကို နင်တို့ တယ် အဖက်မလုပ်နဲ့၊ နည်းနည်းပါးပါး နှိပ်စက်" လို့ အမေက မြောက်ပေးတယ်၊ ခြသော့်ကလေးတွေက မြေခွေးနဲ့ အရင်က တော်တော်ချစ်တာ၊ အမေက မြောက်ပေး တာနဲ့ နည်းနည်းကလေး သူတို့ကကျယ်လာတယ်၊အဲ–မြေခွေးမ ကိုလဲ သူတို့ နည်းနည်း စော်ကားမော်ကား လုပ်ကြတယ်။

ဒီတော့ ပြန်လာတဲ့ အခါကျတော့ သူတို့ တိုင်ကြတယ်ကိုး၊ "ကျုပ်တို့ကို ဒီလိုပဲ နှိပ်စက်တယ် မနေချင်တော့ဘူး, တခြား သွားကြစို့ရဲ့" ဆိုတော့ မြေခွေးက ခြသော့်ကို ပြောတယ်၊"သခင်... ကြာတော့ မုန်းလာတတ်တယ်၊ ဒီလို ဒီလိုပဲ ကျုပ်တို့ အစာရှာ ထွက်တဲ့အခါကျတော့ ခြသော့်မနဲ့ကလေးတွေက ကျုပ်ကလေး တွေနဲ့ ကျုပ်ရဲ့မိန်းမကို နှိပ်စက်သတဲ့" ဆိုတော့ ခြသော့်ကလေ ခြသော့်မကို ပြောတယ်၊ "ရှင်မ...ဟို ဘယ်လောက် အချိန်တုန်းက ငါဘယ်နှစ်ရက်လောက်ပြန်မလာတာ မင်းမှတ်မိသေးသလား" "မှတ်မိတယ်""အဲဒီတုန်းကလေ ငါရွှံ့ညွန်ထဲကျွံနေတော့ ဟောဒီ မြေခွေးက ငါ့ကို ဗိုက်အောက်ကနေပြီးတော့ မ–ထုတ်လို့ ငါ အသက်ဘေး ချမ်းသာရာ ရလာတယ်ကွယ်၊ ကျေးဇူးရှင်တွေကို မင်း မနှိပ်စက်ပါနဲ့" လို့ အဲဒီလို ပြောတော့မှ ခြသော့်မလဲ

သဘောပေါက်ပြီးတော့ ချစ်ချစ်ခင်ခင် ပြန်ပြီးတော့နေကြတယ်၊ သားစဉ်မြေးဆက် ခုနစ်ဆက်လုံးလုံး အချစ်မပျက်ကြဘူးတဲ့။

ယော ဓိရော–နဂိုမူလ, ဓာတ်ခံရသဖြင့်, ဘဝနောက်နောင်း, ကောင်းထက်ကောင်းဖို့, လမ်းကြောင်းတိုထွင်, အကြင် ပညာရှင်သည်။

ဓာတ်ခံကောင်းတာမှ တန်ဖိုးရှိ ကြည့်စမ်း...အလောင်းတော် ခြသေ့မင်းဟာ ဓာတ်ခံရလာလို့ ကျေးဇူးသိတတ်လိုက်တာ၊ သိတာမှ အို–တစ်ခါထဲ တကတဲ အစာတွေ ကျွေးမွေးလိုက်၊ ဒီလိုတင် မဟုတ်ဘူး၊ ဟို–အသက်ထက်ဆုံး ချစ်ချစ်ခင်ခင်နေ၊ နောက် သားစဉ်မြေးဆက် ချစ်ချစ်ခင်ခင် နေရစ်ဖို့ရန် ပြောပြ၊ အဲဒီလို ဓာတ်ခံကောင်းတာတွေ ဘုန်းကြီးက အားရတာ, အားရတာ၊ ဒီဓာတ်ခံ ကောင်းတာတွေ ဘုန်းကြီးက အားရတာ,အားရတာ၊ ဒီဓာတ်ခံက မပျက်ဘူး၊ ဒီ ကောင်းတဲ့ ဓာတ်ခံက မပျက်ဘူး၊ ခဏပန်းကလေး ပစ္စည်းဥစ္စာ ပေါလို့, ခဏပန်းကလေး အမျိုးအဆွေ တင့်တယ်လို့, ခဏပန်းကလေး ရုပ်အဆင်းလှလို့ ဒါ အသုံးမကျပါဘူး၊ မကြာခင် ဒီဘဝကလေး ကျော်လွန်ပြီး ဟိုတစ်ကန့် ရောက်သွားကြတာပဲ၊ ဒါဟာ ဘာမှ အားမကိုးလောက်ဘူး, ဘာမှလဲ အထင်မကြီးလောက်ဘူး, ဘာမှလဲ ဒီလိုပုဂ္ဂိုလ်မျိုးကို ကိုယ်က အရေးကြီးတယ်လို့ မယူလောက်ဘူး၊ အမှန်ကတော့ အဲဒီ ဓာတ်ခံကလေး ဘုန်းကြီးက သဘောကျတယ်ကိုး။

"ယော ဓိရော–နဂိုမူလ, ဓာတ်ခံရသဖြင့်" အဲဒီ ဓာတ်ခံက ဘဝထဲ ပျောက်ပျောက်မသွားဟာ ဘုန်းကြီးက ကြိုက်[illegible]

ကြည့်စမ်းလေ၊ ဘုရားရှင်ကိုယ်တော်မြတ်က "သဗ္ဗညုတဉာဏ် ရပါလို၏" လို့ ဆုတောင်းလာတာ ဓာတ်ခံမပျက်လို့ လေးသချေ့နဲ့ ကမ္ဘာတစ်သိန်း ပြည့်တဲ့အခါကျတော့ ဘုရားဖြစ်လာတယ်၊ အရှင်သာရိပုတ္တရာက "ဉာဏ်ပညာ ကြီးရပါလိုရဲ့" လို့ ဆုတောင်းပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုလာ၊ ဘဝတိုင်း ဉာဏ်ပညာကြီးချင်တယ်, ကြီးချင်တယ်ဆိုတဲ့ ဓာတ်ခံပါလာ၊ ဒီတော့ အရှင်သာရိပုတ္တရာက တစ်သချေ့နဲ့ ကမ္ဘာတစ်သိန်းပြည့်တော့ ဟော ဧတဒဂ်ရပညာရှင်ကြီး ဖြစ်ပြီးတော့ လာခဲ့ရ၊ ဘုန်းကြီးက ဒါပဲ သဘောကျတယ်။

ခဏပန်း ပစ္စည်းဥစ္စာပေါတာလဲ တော်ပါတယ်လေ၊ ဒါက ခဏပန်း ပေါသလား ဘာလားတော့ မသိဘူးပေါ့၊ ခဏပန်း အမျိုးအဆွေမြတ်တာလဲ ဒါလဲ တစ်ကန့်ပဲ၊ ဘာကြာတာလိုက်လို့၊ ခဏပန်း ရုပ်အဆင်းလှတာလဲ အို-ဒါလဲ တစ်ကန့်ပဲ၊ ဘာကြာတာလိုက်လို့၊ အမှန်တန်ဖိုးရှိတာက သူရဲ့ဓာတ်ခံကလေးကောင်းနေတာလေးပဲ၊ အဲဒါဟာဖြင့် တစ်ဘဝလဲမက, နှစ်ဘဝလဲမက, ပရိနိဗ္ဗာန်စံတဲ့ဘဝတိုင်အောင် ဒီဓာတ်ခံကောင်းကလေးကလိုက်သွားမှာဖြစ်တော့ အဲဒါ ဘုန်းကြီးက တယ်ကျေနပ်တယ်, တယ် ဝမ်းသာအားရဖြစ်တယ်၊ ဒီသူ့အပေါ်မှာတော့ တယ်သဘောကျတယ်၊ အဲဒီ ဓာတ်ခံ ကောင်းတယ် မကောင်းဘူး, ဘဝသံသရာ လိုက်မယ် မလိုက်ဘူးဆိုတဲ့ ဒီအင်္ဂါတွေ ရောက်ကြည့်ပါ၊ သူများကျေးဇူးကို သိတတ်သလား၊ သူများကျေးဇူးကို ဆပ်ရမယ့် အချိန်ကျတော့ ရောရောရှုရှု ဆပ်ရဲ့လား, အဲဒါတွေ ကြည့်ပါ။

တတိယသူတော်ကောင်း ဂုဏ်အင်္ဂါ "ကတညူ–သူတစ်ပါးတို့, ပြုထားအပ်ဖူး, မြတ်ကျေးဇူးကို, အထူးရှိသရွေ့, သိလေ့ရှိသည်လည်းကောင်း၊ ကတဝေဒီ–သူများပြုအပ်, ကျေးဇူးရပ်ကို, တတ်သရွေ့မှတ်သရွေ့, ဆပ်လေ့ရှိသည်လည်းကောင်း၊ ကလျာဏမိတ္တော–မိကောင်းဖကောင်း, ဆရာကောင်းနှင့်, ဖော်ပေါင်းအတိ, မိတ်ကောင်းရှိသည်လည်းကောင်း"၊ လောက ပေါင်းသင်းဆက်ဆံကြတာပေမယ်လို့ ဓာတ်တူချင်းမှသာ ပေါင်းလို့ကောင်းတာ၊ လူကောင်းလူကောင်းချင်း ပေါင်းလို့ တယ်ကောင်း၊ လူမကောင်း, လူမကောင်းချင်း ပေါင်းပြန်တော့လဲ တစ်ခါတစ်ခါ တယ်ကောင်းတယ်၊ တစ်ခါတစ်ခါတော့ မကောင်းသည့်အားလျော်စွာ တယ် ကြောက်စရာကောင်း၊ လူကောင်း လူကောင်းချင်း, သူတော်ကောင်း သူတော်ကောင်းချင်း, "သူတော်ချင်းချင်း, သတင်းလွေ့လွေ့"ဆိုတာလို, တယ် ပေါင်းလို့သင်းလို့ ပြောလို့ ဆိုလို့ ကောင်းတယ်။

"ကလျာဏမိတ္တော–မိကောင်း ဖကောင်း, ဆရာကောင်းနှင့်" ဒါ ကံကောင်းမှ ရတာ၊ ဓာတ်ခံကောင်းတဲ့သူတွေ ကံကောင်းလာတဲ့ လူတွေမှ အမေကောင်း အဖေကောင်းနှင့် တွေ့တာ၊ ဓာတ်ခံကောင်းလာတဲ့, ကံကောင်းလာတဲ့သူမှ ဆရာကောင်းနဲ့ တွေ့တာ, သမားကောင်းနဲ့ တွေ့တာ။

"ကလျာဏမိတ္တော–မိကောင်း ဖကောင်း, ဆရာကောင်းနှင့်, ဖော်ပေါင်းအတိ, မိတ်ကောင်းရှိသည်လည်းကောင်း"။

အပေါင်းကလဲ တယ်ကောင်း၊ နို့ တကတဲ ကြည့်ရှုမယ့်သူနဲ့ မ,စမယ့်သူနဲ့ လမ်းကောင်းညွှန်ပြမယ့်သူနဲ့ အားပေးမယ့်သူနဲ့ တယ်ကောင်း၊ ဆရာသမားတွေ ကြည့်လိုက်တော့လဲ ပညာသင်ချိန် ပညာသင်ပေးတဲ့ ဆရာကကောင်း၊ အမိအဖတွေ ကြည့်လိုက်တော့လဲ အမိအဖတွေက သိက္ခာရှိရှိနဲ့, အမိအဖတွေက အားကိုးစရာ ကောင်းလိုက်တာ, ပစ္စည်းဥစ္စာနဲ့, သိက္ခာနဲ့, ပြောဆိုဆုံးမလို့၊ အဲဒါကိုက ရှေးကံကောင်းမှ, ဓာတ်ခံကောင်းမှ အကောင်းတွေ့တာ၊ ဒါကြောင့် ဆွေကောင်းမျိုးကောင်းတွေ တွေ့ကြလို့ရှိရင် ဝမ်းသာစရာ၊ "ဩော်–ငါ့ဘဝ ဟိုဘက် အကန့်တွေက ငါမည့်ခဲ့လို့ ဒီအကန့်မှာ မိကောင်းဖကောင်းနဲ့ တွေ့ရတယ်, ဆရာကောင်း သမားကောင်းနဲ့ တွေ့ရတယ်, ဝမ်းသာစရာ၊ ဟိုဘက် အကန့်တွေက ငါမည့်ခဲ့လို့ ဒီအကန့် ဆရာကောင်း သမားကောင်းနဲ့ တွေ့ရ, သူတော်ကောင်း အပေါင်း အဖော်တွေနဲ့ တွေ့ပြန်လဲ ဝမ်းသာစရာ"။

"ကလျာဏမိတ္တော–မိကောင်း ဖကောင်း, ဆရာကောင်းနှင့်, ဖော်ပေါင်းအတိ, မိတ်ကောင်းရှိသည်လည်းကောင်း" ဒါ–ဂုဏ်အင်္ဂါတစ်ခု, ဓာတ်ခံကောင်းတဲ့ သူတော်ကောင်းရဲ့ လက္ခဏာတစ်ခု။

စတုတ္ထသူတော်ကောင်း ဂုဏ်အင်္ဂါ "ဒဋ္ဌဘတ္တိ – ထို မိတ်ကောင်းလည်း, အသည်းစွဲမျှ, အမြဲမပြတ်, ဆည်းကပ်လေ့ရှိသည်လည်းကောင်း" မိတ်ကောင်းဆွေကောင်းနဲ့ တွေ့ပါရဲ့၊ ပေါ့ပေါ့ဆဆ, ဒီလိုဆိုရင် ဒီဂုဏ်အင်္ဂါ

ညံ့တာပဲ၊ ဆရာကောင်း, မိကောင်း ဖကောင်းနဲ့ တွေ့ပါရဲ့ ပေါ့ပေါ့ဆဆ၊ ဘာမှ မိကောင်း-ဖကောင်းမှန်း မသိဘူး, ဘာမှ အဖော်အပေါင်းကောင်းမှန်း မသိဘူး၊ အဲဒီလို မသိတော့ သူ ခွာပြီးတော့ တော်တဲ့နေရာသွား, တော်သလိုနေ, ပြောတာ နားမထောင်၊ အဲဒီလို ဆိုလို့ရှိရင်လဲ သူဟာ သူတော်ကောင်း လက္ခဏာ ပျက်တယ်၊ သူတော်ကောင်းဆိုတဲ့ဥစ္စာ မိကောင်း ဖကောင်း ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေ ကောင်းတွေကို ခိုင်ခိုင်မြဲမြဲ မကွဲမကွာ ဆက်ဆံရတယ်။

ပဥ္စမသူတော်ကောင်း ဂုဏ်အင်္ဂါ "ဒဋ္ဌဘတ္တိ-ထိုမိတ်ကောင်းလဲ, အသည်းစွဲမျှ, အမြဲမပြတ်, ဆည်းကပ်လေ့ရှိသည်၊ ဟုတွာ-ဖြစ်၍၊ ဒုက္ခိတဿ-မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပံ့ထောက်မဲ့မူ, ဆင်းရဲသူ၏၊ ကိုယ့်မျက်စိ အောက်, ဒုက္ခရောက်နေ, ဘယ်လို လုပ်မလဲ၊ ဒုက္ခိတဿ-မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပံ့ထောက်မဲ့မူ, ဆင်းရဲသူ၏-

ကိုယ်မျက်စိအောက်, ဒုက္ခရောက်နေ, ဘယ်လိုလုပ်မလဲ။

"ကိစ္စံ-စားသောက်နေရေး, ဆေးဝါးပေး၍, လုပ်ကျွေးသမှု, ကိစ္စစုကို၊ သက္ကစ္စံကရောတိ-ကိုယ်ချင်းစာနာ, သနားညှာ၍, များစွာပုံသေ, ပြုတတ်ပေ၏"။

ဒါက အရေးကြီး၊ ဒါလေးက ဓာတ်ခံကောင်းတယ် မကောင်း တယ်ဆိုတဲ့ဥစ္စာ အရေးကြီးတယ်၊ ဓာတ်ခံ ဘယ်လောက် ကောင်းတယ် မကောင်းတယ်ဆိုတာလဲ အရေးကြီးတယ်။

ဒုက္ခိတသ–မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပံ့ထောက်မဲ့မူ, ဆင်းရဲသူ၏ ...တဲ့။

ကိုယ့်မျက်စိအောက် ဒုက္ခရောက်နေရင် ချက်ချင်းကူ, ချက်ချင်းပြုစု, ချက်ချင်းကူညီပါ၊ ဒီတော့ ဒီကိစ္စလေးဟာလေ တယ်ပြီးတော့ ကျယ်ဝန်းတယ်၊ ဥပမာ–ခရီးသွားတယ်၊ တစ်ယောက်က ဒုက္ခရောက်နေ, ကိုယ်က ချမ်းချမ်းသာသာသွား ဆိုပါတော့၊ လှည်းပေါ်နဲ့ တောရွာမှာသွား၊ တစ်ယောက်က လှည်းမရှိဘူး, ခြေလျင်သွားတယ်၊ လှည်းကလဲ နွားများလဲ နည်းနည်း ပေါ်ပါသေးရဲ့၊ နွားဘက်လဲ ကြည့်လိုက်ရမယ်၊ ဟို ခြေလျင်သွားတဲ့လူလဲ ကြည့်လိုက်ရမယ်၊ သူ့တင်တဲ့အတွက် နွားတွေ မနည်းရန်းနေရမှာဖြင့်လဲ နွားတွေ မသနားရာကျမယ်၊ တစ်ခါ နွားက ပေါ့ပေါ့ပါးပါး ရှိရက်သားနဲ့ သူ့ကို "လာပါ လာပါဗျာ, လှည်းပေါ်မှာ" ဒီလို မခေါ်ပြန်လို့ ရှိရင်လဲ သူ့ကို မစောင့်ရှောက်ရာကျမယ်၊ တစ်ခါ ဘုမသိ ဘမသိနဲ့ ဒီလူ့ခေါ်မိလို့မို့ တကတဲ့ လှည်းပေါ်ကျမှ ဓားပြတိုက်သွားရင်လဲပဲ အခက်၊ ဒီလို စဉ်းစားစရာက ရှိတယ်။

"ဒုက္ခိတသ–မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပံ့ထောက်မဲ့မူ, ဆင်းရဲသူ၏"။

ဒီတော့ တယ် နယ်ကျယ်တယ်၊ မီးရထားပေါ်မှာ အများစီးတဲ့ တွဲပေါ်မှာ စီး၊ ကိုယ်က နေရာလေး ကောင်းကောင်းရ၊ ကိုယ့်နေရာလေး နည်းနည်းလေးများ ကျယ်နေတဲ့အခါ နည်းနည်းလေး ကျုံ့မပေးချင်ဘူး၊ ဒါ–သူတော်ကောင်းလက္ခဏာ

သိပ်ပျက်တာပဲ၊ ဟာ–ကိုယ့်နေရာလေး နဲ့နည်းနည်းလေး ရှိပါသေးရဲ့၊ ဟိုလူတွေ သိပ်ကြွပ်၊ "နည်းနည်း ဒီတိုးပါဗျာ၊ ဒီလာတာပေါ့ဗျာ၊ ဟောဒီနား နည်းနည်းလေးတော့ ရပါသေးရဲ့"၊ ဟာ–ဒီလိုဆိုတော့ သူတော်ကောင်းလက္ခဏာ ဖြစ်သွားပြန်ရော။

တစ်ခါ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်အိမ် အနီးအပါးမှာ ဘယ်သူဖြင့် သိပ်ဆင်းရဲတယ်၊ အဖိုးကြီး အဖွားကြီး ဖြစ်နေတယ်၊ ဆင်းရဲတယ်၊ ကိုယ်ကလဲ နည်းနည်းပေးနိုင် ကမ်းနိုင်တယ်၊ ဟာ–နည်းနည်းပါးပါး ပေးကမ်းလို့, ထောက်ပံ့လို့, ဒီလိုဆိုတော့ သူတော်ကောင်းလက္ခဏာ ရှိပြန်ရော၊ ကိုယ်က ပေးနိုင်ကမ်းနိုင်တော့ အရှိသားပဲ၊ ဘာမှ ပေးခြင်း ကမ်းခြင်း မရှိဘူးဆိုတော့ ဟာ–သူတော်ကောင်းလက္ခဏာ ပျက်သွားပြန်ရော၊ မရှိဆင်းရဲတဲ့သူက ပါလာ၊ အဲ–သူမကျန်းမမာ ရောဂါတွေဖြစ်နေ၊ ကိုယ့်ဆေးဝါးလဲ အရှိသားနဲ့, တတ်လဲတတ်နိုင်သားနဲ့ အဲဒါ မကုဘူးဆိုပြန်ရင် သူတော်ကောင်းလက္ခဏာ ပျက်သွားပြန်ရော၊ တစ်ခါ မရှိဆင်းရဲတဲ့သူတဲ့, ဆေးဝါး သူ့ခမျာ မစားရလို့တဲ့, အို–ဒီလိုဆိုရင် ကိုယ့်ဆေးဝါးရှိသားပဲဆိုပြီးတော့ ပြုစုလို့, ဆေးဝါးပေးလို့ ဟောသလိုဆိုတော့ သူတော်ကောင်းလက္ခဏာ ဖြစ်သွားပြန်ရော။

ဆင်းရဲသူကို ငဲ့ညှာရင် မြန်မာပြည် ဒီအခြေ မရောက်

ဒုက္ခိတဿ–မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပံ့ထောက်မဲ့မူ, ဆင်းရဲသူ၏၊– ထောက်ပံ့မဲ့သူက မရှိဘူး၊ ဆင်းလဲ ဆင်းရဲတယ်, ထောက်ပံ့မဲ့သူက မရှိဘူး၊ အဲဒီလိုဆိုရင် ကိုယ်က ဝင်ပြီးတော့ ကူညီနိုင်သမျှ ကူညီရတယ်၊

ဘုန်းကြီးကလေ ဒီတရား စဉ်းစားရင်း စဉ်းစားရင်း တို့ မြန်မာနိုင်ငံဟာလေ ဒီအသွားနဲ့ သွားလိုက်လို့ရှိရင်ဖြင့် မြန်မာနိုင်ငံ အေးချမ်းသာယာဖို့ အများကြီး လမ်းရှိတယ်၊ ယခု ဒီအသွားနဲ့ မသွားဘဲ အသွားတစ်မျိုး သွားနေလို့ မြန်မာနိုင်ငံဟာ ယခုအခြေအနေ ဖြစ်ရတယ်။

ဆိုပါတော့ပေါ့၊ မိမိတို့က ပြည့်စုံနေတဲ့ လယ်ပိုင်ရှင်တွေ ဆိုကြပါစို့၊ လယ်သမားတွေ ဆင်းရဲနေတယ်၊ ဒီ သူတော်ကောင်းလက္ခဏာနဲ့ ကြည့်တော့ ဘာ–ပြဿနာ ပေါ်လာမလဲ, ဘယ်အဖြေ ပေါ်လာမလဲ, သူတော်ကောင်းလက္ခဏာနဲ့ ကြည့်တော့ ကိုင်း–သူတို့တော့ ဘယ်တော့မှ နလံထူမှာ မဟုတ်ဘူး၊ ဒီတော့ ကိုယ်တို့က သူတို့အပေါ် တစ်သီးစားခတွေကို လျှော့ပြီးတော့ ယူမယ်၊ ဟောဒီလို ဆိုတော့လေ–

ဒုက္ခိတဿ–မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပုံထောက်မဲ့မူ, ဆင်းရဲသူ၏၊ ကိစ္စ–စားသောက်နေရေး, ဆေးဝါးပေး၍, လုပ်ကျွေးသမူ, ကိစ္စစုကို၊ သက္ကစ္စကရောတိ–ကိုယ်ချင်းစာနာ, သနားညှာလျက်, များစွာပုံသေ, ပြုတတ်ပေ၏။

ဒီလိုများ ဖြေရှင်းလိုက်လို့ရှိရင်လေ ဘယ်လယ်မြေတွေမှ, ဘယ်သူမှ မသိမ်းနိုင်ဘူး၊ တစ်ခါထဲ သူပိုင် သူ့လယ်မြေအဖြစ်နဲ့ ဆင်းရဲသားတွေလေ မင်းတို့ ဒီသီးစားခတွေ တို့ လျှော့ယူမယ်၊ ဟော ဒါလောက်,ဒါလောက် ယူလိုက်လို့ရှိရင် မင်းတို့ စပါး ဘယ်လောက် ကျန်မယ်၊ ဒီလိုဆိုရင် မင်းတို့ ဝမ်းစာရမယ်၊

ဒီလိုများ ချိန်ပြီးတော့များ, နိုင်းယှဉ်ပြီးတော့များ လုပ်ရလို့ရှိရင် ဘုန်းကြီးက ဒီတရား စဉ်းစားရင်း နိုင်ငံရေး သွားပြီးတော့ သဘောပေါက်တယ်၊ ဒီ ခဲခဲယဉ်းယဉ်း ပြဿနာတွေ ဘာမှ မဖြစ်ဘူး၊ ရှေးတုန်းက ဒီနည်းပဲ၊ ရှေးတုန်းကဆိုတာ ဘုန်းကြီးတို့ ဘိုးဘေးလောက် ဆိုရင် ဒီနည်းပဲ၊ "ဟာ–ဒီနှစ် စပါးအရ နည်းမယ်၊ ဦးကို စပါး ဒီလောက် မပေးပါနဲ့၊ မင်းတို့ဝမ်းစာ ချန်ထားကြ" အဲသလို စောင့်ရှောက်လိုက်တော့ ဦးဆိုတဲ့သူမှာလဲပဲ အခြေအနေ လျော့မသွားဘူး၊ ဟိုသူတွေမှာလဲပဲ ကြွေးမြီမတင်ဘူး၊ ဝမ်းစာပြည့်စုံလို့၊ တစ်ခါ ဟိုလူတွေကလဲပဲ "တို့ ကျေးဇူးရှင်ကြီး, အမလေး–ကျောင်းဒကာကြီးက တို့ ကျေးဇူးရှင်"၊ အောင်မယ်–သူကလည်း "ကတညုတ ကတဝေဒီ" ဖြစ်ပြီး သကာလ သူတော်ကောင်းလေး ဖြစ်လို့။

"ကျေးဇူးရှင်ဆီ သွားပါအေ–၊ သူတို့အိမ်များ တမင်သွားပြီး အကူအညီပေးပါဟဲ့ ရှင်မရဲ့၊ တို့ ဝမ်းစာလေ ကျောင်းဒကာက လယ်ခလေးတွေ လျှော့ယူလို့ ဝမ်းစာလုံလောက်တယ်၊ တို့ နွားလေး,ကျွဲလေးလဲ တို့ ဘာမှ မရောင်းရဘူး၊ ဟော့–ကောင်းလိုက်တာ၊ သွားဟော့–ဟို လုပ်စရာရှိလို့ရှိရင် သွားသွားလုပ်ပေးနော်၊ ဟို ကျောင်းအမက, ဘာက အခိုင်းစောင့်မနေနဲ့, မင်းသွားပြီး ကြည့်လုပ်ပေးနော်"၊ကတညုတ ကတဝေဒီ တစ်ဖက်ကဖြစ်လို့၊ တစ်ဖက်က ဆင်းရဲသူတွေကို ညှာတာလို့ အကုန်လုံးအကုန်လုံး၊ ဘယ်လယ်မြေ, ဘယ်ယာမှ သိမ်းစရာ မလိုဘူး၊ ဘယ်ပြည်သူပိုင်မှ လုပ်စရာမရှိဘူး၊ ဒီသူတော်ကောင်းအသွားနဲ့

သွားလိုက်လို့ရှိရင်ဖြင့် တို့ နိုင်ငံရေး ပြဿနာဟာ သိပ်ရှင်း တာပဲလို့ ဘုန်းကြီး တွေးမိတယ်၊ ဒီလိုသာ သွားနေတာပဲ ဟိုတုန်းက၊ ဟို လွန်ခဲ့တဲ့ ဘုန်းကြီးတို့ ဘိုး ဘေး ဘီ ဘင် အဲသလို အချိန်တုန်းက ဒီလို သွားနေတာပဲ၊ ဘာမှ ရှုပ်ရှုပ် ထွေးထွေး ပြဿနာ မရှိဘူး။

လှုိလှုိဆိုတိုင်း မကောင်း တကတဲ့ ဆရာသမားက ဆရာသမား အနေနဲ့, ဥစ္စာရှင်က ဥစ္စာရှင်အနေနဲ့, ဥစ္စာမရှိတဲ့ လူကလဲ မှီခိုအားထားပြီးတော့ နေရလေသည့်အတွက် ကျေနပ်လို့၊ ဒီတော့ ဘုန်းကြီးက ဒီအထဲ ပြဿနာတစ်ခု ဝင်လာတာ စဉ်းစားမိတယ်၊ "တို့ ဘုန်းကြီးတွေက ဆင်းရဲသား တွေ, အလုပ်သမားတွေ,လယ်သမားတွေ လှုိလှုိ–လှုိလှုိဆိုတာ တို့ မတရားဘူး"၊ ဟဲဟဲ...ဘုန်းကြီးက ဒီပြဿနာ ဘုန်းကြီးထဲ ရောက်လာတယ်၊ ဘာလဲ"လှုိလှုိ" ဘယ်တော့မှ ဒီ လှုိလှုိ–လှုိလှုိဆိုပြီးတော့ သားတစ်ယောက် ရှင်ပြုလိုက်တယ်ဆိုလို့ ရှိရင် မဏ္ဍာပ်ကနားကြီးက ဘယ်လောက်, ကျွေးရမွေးရတာက ဘယ်လောက်, ဘုန်းကြီးတွေက လှုိရတာက ဘယ်လောက် ဆိုပြီး စာရင်းချလိုက်တာ တစ်ခါထဲ ကြွေးတင် ကျန်ရစ်ခဲ့တာပဲ၊ ဒီတော့ တို့ဘုန်းကြီးတွေကလဲ ဒီပြဿနာထဲ ဝင်ရှင်းစရာ လိုတယ်၊ လှုိလှုိ မဟုတ်ရဘူး၊ သူတို့ ဆင်းရဲတယ်၊ တို့ ရွာသူ ရွာသားတွေ ဆင်းရဲတယ်၊ ဒီတော့ ဆွမ်းကလေး ရရင်တော်ပြီ၊ ကျောင်းကြီးကန်ကြီးတွေ ဆောက်ဖို့မလိုပါဘူး၊တို့ ထန်းရွက်တဲနဲ့ လဲ နေလို့ ဖြစ်တာပဲ၊ သက်ကယ်ကျောင်းနဲ့လဲ နေလို့ဖြစ်တာပဲ၊

ဝါးကပ်ကျောင်းနဲ့လဲ နေလို့ဖြစ်တာမဲ့၊ ရပ်သူရွာသားတွေ ငွေချမ်းချမ်းသာသာနဲ့, ဝမ်းစားစပါးတွေ ပြည့်ပြည့်စုံစုံနဲ့ နွားနဲ့၊ ဒီလို နေနိုင်ဖို့အရေးကြီးတယ်၊ ဒီလိုနေနိုင်လို့ ပိုလျှံတော့ လှူကြပေါ့။

ထမင်းဦးလေး ခူးလောင်းရုံနဲ့ မမွဲ

တစ်ခါတုန်းက ဝေသာလီပြည်နယ်မှာ ငတ်မွတ်ခေါင်းပါးပြီးနေတုန်း မြတ်စွာဘုရားက ဒေသစာရီ ကြွတော်မူလာ၊ တိတ္ထိတွေက အခွင့်ရပြီဆိုပြီးတော့ "ရှင်ဂေါတမဟာ ဆင်းရဲသူဆင်းရဲသားကို သနားတယ်ဆိုသေးရဲ့၊ ယခု အစာရေစာ ငတ်မွတ်ခေါင်းပါး ရှားပါးနေတဲ့အခါ သံဃာငါးရာနဲ့ လျှောက်ပြီးတော့ လယ်ပြီး ဆင်းရဲသူ ဆင်းရဲသားတွေရဲ့ ချွေးနဲစာတွေကိုစားတယ်၊ ဘယ်မှာ သနားကရဏာ, မေတ္တာကရဏာကြီးမလဲ" လို့ ဘုရားကို စွပ်စွဲကြတော့ ဘုရားရှင်ကိုယ်တော်မြတ်က "ငါဘုရား ကမ္ဘာပေါင်းများစွာ ပြန်ပြီးတော့ ကြည့်တဲ့အခါမှာ စားဦးစားဖျား ချက်ထားတဲ့ ထမင်းထဲက စားဦးစားဖျားလှူလို့- မွဲသွားတာ တစ်ယောက်မျှ မတွေ့ဘူး" တဲ့၊ ဘုန်းကြီးက သဘောကျလိုက်တာလေ၊ ရပ်သူ ရွာသားတွေကလေ ချက်ထားတဲ့ ထမင်းသားထဲက ထမင်းဦးပေါင်းသားလေး ခူးပြီးတော့ သံဃာတော်တွေလောင်းလို့တော့ တစ်ယောက်မှ မမွဲပါဘူး၊ အဲ...ဟုတ်ကဲ့၊ ကိုယ်နဲ့ မတန်ဘဲနဲ့ အလှူကြီးပေး, သားကြီးရှင်ပြု, ကျောင်းကြီးဆောက် ဆိုရင်တော့ မွဲမှာပဲ၊ ကျန်တဲ့လူက ဒါလောက်မက အလုပ် လုပ်နေရင်တော့ မမွဲပါဘူး၊ ဒါကြောင့် ဒီပြဿနာဟာလေ သူတော်ကောင်းလက္ခဏာနဲ့ ရှင်းလို့ရှိရင် တို့ မြန်မာနိုင်ငံဟာ

အဲတော်ကြီး ရှင်းနိုင်စရာ ရှိရက်သားနဲ့ အခုလို မရှင်းလို့မို့ ပြဿနာတွေ ဖြစ်ပြီးတော့ "ဘာကို ပြည်သူပိုင် လုပ်မယ်, လယ်မြေတွေ သိမ်းမယ်, ဘယ်စက်ရုံကြီးကို အစိုးရပိုင်လုပ်မယ်" စသည်ဖြင့် အဲသလို ပြဿနာတွေ ရှုပ်ထွေးကုန်တာပဲ၊ ယခု သူတော်ကောင်းလက္ခဏာနဲ့ဆိုရင်–

ဒုက္ခိတသ–မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပံ့ထောက်မဲ့မူ, ဆင်းရဲသူ၏၊ ကိစ္စ–စားသောက်နေရေး, ဆေးဝါးပေးလျက်, လုပ်ကျွေးသမှု, ကိစ္စစုကို၊ ကရောတိ–ပြု၏။

ကြီးပွားရေးအတွက် တရားတော်က ဖြေရှင်းပေးနိုင် အဲဒီလိုသာ ပြုစုပေးလို့ရှိရင် အထက်လူက ညာတာ, အောက်လူတွေက ကတည်းတ ကတဝေဒီ ကျေးဇူးသိ, နှစ်ဖက်စလုံးလဲ ဖြစ်မှနော်၊ ဒီလိုဆိုရင် သူတော်ကောင်း နိုင်ငံကြီးဖြစ်ပြီ၊ ဒီနိုင်ငံကြီးဟာ သာယာဝပြောဖို့ရာ အင်မတန်မှ လွယ်ကူတယ်၊ အဲဒီတော့ကာ ဘုန်းကြီးတော့ နိုင်ငံကြီးကို အသာထားပြီးတော့ ကိုယ်ရေးကိုယ်တာနဲ့ ကြည့်လို့ရှိရင် ဒီလမ်းမသွားလို့ မဖြစ်ဘူးဆိုပါတော့ ဆရာသမားလုပ်ပြီးတော့ ရဟန်းသံဃာ ဆရာတော်ကြီး သမားတော်ကြီးက တကတဲ ဟင်းတွေ ဘာတွေ ကောင်းကောင်းမွန်မွန်နဲ့ နေရာထိုင်ခင်းတွေ ကောင်းကောင်းမွန်မွန်နဲ့ နေလို့, တပည့်တပန်း ပရိသတ်တွေကျတော့ ဆင်းဆင်းရဲရဲနဲ့နေတာ ကြည့်လို့၊ သူတို့ ဆင်းရဲတာတွေ ဂရုမစိုက်လို့၊ ဒီလိုဆိုရင် ဒီပြဿနာဟာ ရှုပ်ထွေးနေမှာပဲ၊ တပည့်တပန်းကလဲ ဆရာသမားကို မရိုသေနိုင်ဘူး၊ ကတည်းတ

ကတဝေဒီ မဖြစ်နိုင်ဘူး၊ ဆရာသမားတွေကလဲ မေတ္တာကရုဏာနဲ့ ဒုက္ခရောက်နေတာကို မကူညီနိုင်ဘူး, ဒီလိုဆိုရင် ဒီပြဿနာဟာ ကျယ်ပြီးတော့ သူတော်ကောင်းလက္ခဏာ ပျက်မှာပဲ၊ ဆရာမှာလဲ ပျက်, တပည့်မှာလဲ ပျက်ပြီးတော့ ဒီလက္ခဏာဟာ အပျက်လောကကြီးဖြစ်မှာပဲ၊ ဒါ့ကြောင့် မြတ်စွာဘုရား၏ တရားတော်ဟာလေ လောကီကြီးပွားရေးမှာလဲ ဖြေရှင်းလို့ရတယ်၊ သံသရာကြီးပွားရေးမှာလဲ ဖြေရှင်းလို့ ရတယ်၊ ဒါ့ကြောင့် ဒီတရားကို သူတော်ကောင်းလက္ခဏာနဲ့ ကြည့်ပြီးတော့ ဒီ သူတော်ကောင်းဖြစ်အောင်ဟာ ဘယ်သူဖြစ်ဖြစ် ကြိုးစားထိုက်တယ်လို့–

ယော ဓီရော–နဂိုမူလ, ဓာတ်ခံရသဖြင့်, ဘဝနောက်နှောင်း, ကောင်းထက်ကောင်းဖို့, လမ်းကြောင်းတီထွင်, အကြင်ပညာရှင်သည်၊ ဝေ–စင်စစ်ဧကန်, အမှန်စိတ်ထား, ရိုးဖြောင့်သောအားဖြင့်, ကတညူ–သူတစ်ပါးတို့, ပြုထားအပ်ဖူး, မြတ်ကျေးဇူးကို, အထူးရှိသရွေ့, သိလေ့ရှိသည်လည်းကောင်း၊ ကတဝေဒီ–သူများပြုအပ်, ကျေးဇူးရပ်ကို, တတ်သရွေ့ မှတ်သရွေ့, ဆပ်လေ့ရှိသည်လည်းကောင်း၊ ဟုတွာ–ဖြစ်၍၊ ကလျာဏမိတ္တော–မိကောင်းဖကောင်း, ဆရာကောင်းနှင့်, ဖော်ပေါင်းအတိ, မိတ်ကောင်းရှိသည်လည်းကောင်း။

မိတ်ကောင်း ဆွေကောင်းဆိုတာ တစ်ခါတစ်ခါ သိပ်အဆင့်အတန်း မြင့်ပြီးတော့ တက်သွားတာပဲ၊ ဆိုပါတော့ လူတစ်ယောက်က နည်းနည်း ဆင်းရဲတယ်၊ ပစ္စည်းရှိတဲ့လူက

ကြည့်ရှုစောင့်ရှောက် မ-စလိုက်တယ်ဆိုရင် တစ်ခါထဲ တက်သွားတာပဲ၊ လူတစ်ယောက်ဟာ စားရေးသောက်ရေးမှာ အင်မတန်ခဲယဉ်းနေတယ်၊ တစ်ယောက်က နေပြီးတော့ကာ အရင်းအနှီးထုတ်ပေးတယ်၊ တစ်ခါထဲ တက်သွားတာ, ပြည့်စုံသွားတာပဲ။

အရှင်အာနန္ဒာ စဉ်းစားချက် "ကလျာဏမိတ္တော-မိကောင်းဖကောင်း, ဆရာကောင်းနှင့်, ဖော်ပေါင်းအတိ, မိတ်ကောင်းရှိသည်လည်းကောင်း" တစ်ခါတုန်းက အရှင်အာနန္ဒာ စဉ်းစားတယ်, မြတ်စွာဘုရား ကျေးဇူးတင်လွန်းလို့၊ "သြော်-မိတ်ကောင်းဆွေကောင်း အဖော်ကောင်းဆိုတာ သိပ်အရေးကြီးတာပဲ၊ ဒီသူတော်ကောင်းကျင့်တဲ့ အကျင့်နေရာမှာပဲ ဒီမင်္ဂလိနိဗ္ဗာန်ရဖို့ ကျင့်တဲ့နေရာမှာ ဒီသူတော်ကောင်းဖြစ်တဲ့ မြတ်စွာဘုရားကြောင့် တစ်ဝက်တော့ ပြီးစီးသွားတာပဲ၊ တစ်ဝက်သာ ကိုယ်က ကြိုးစားဖို့ လိုတော့တယ်၊ တစ်ဝက်ကတော့ မြတ်စွာဘုရားရဲ့ အညွှန်အပြနဲ့ပဲ ပြီးသွားတာပဲ၊ သိပ်ကျေးဇူးတင်စရာကောင်းတာပဲ၊ မိတ်ကောင်းဆွေကောင်းများ တယ်-ကျေးဇူးတင်စရာကောင်းတယ်" လို့ အရှင်အာနန္ဒာက စဉ်းစားပြီးတော့ ဟုတ်လှပြီ, ငါ့စဉ်းစားချက်ဟာ မှန်လှပြီဆိုပြီးတော့ မြတ်စွာဘုရား သွားလျှောက်တယ်ကိုး၊ "မြတ်စွာဘုရား-သူတော်ကောင်းအကျင့် ဒီဗြဟ္မစရိယအကျင့်ဟာ ဒီကလျာဏမိတ္တအတွက် မိတ်ကောင်းဆွေကောင်းအတွက် တစ်ဝက်တော့ ပြီးသွားတာပဲဘုရား" လို့ လျှောက်တော့ "အာနန္ဒာ-ဒီလိုမပြောနဲ့, ဒီလို မယူဆနဲ့, ကလျာဏမိတ္တအတွက် ကောင်းသောအကျင့်

ကျင့်တဲ့နေရာမှာ အကုန်လုံးပြီးတယ်၊ တစ်ဝက်မဟုတ်ဘူး၊ အာနန္ဒာ–စဉ်းစားစမ်း၊ ငါဘုရားတည်းဟူသော ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်းနဲ့ တွေ့ကြရလို့ တစ်သံသရာလုံး တစ်အိုထဲ အိုနေမယ့် သတ္တဝါအများကြီးဟာ အိုခြင်းဒုက္ခမှ လွတ်ကြရတယ် မဟုတ်လား၊ ငါဘုရားတည်းဟူသော ကလျာဏမိတ္တနဲ့ တွေ့ကြရလို့ တစ်သံသရာလုံး တစ်နာထဲနာ, တစ်သေထဲသေနေကြရမယ့် သတ္တဝါတွေ နာခြင်း,သေခြင်းမှ လွတ်ကြရတယ် မဟုတ်လား၊ ဒါကြောင့် မြတ်သောအကျင့်ကို ကျင့်တဲ့နေရာမှာ ကလျာဏမိတ္တအတွက် တစ်ဝက်လို့ မဆုံးဖြတ်နဲ့, အကုန်လုံးလို့ ဆုံးဖြတ်"လို့ ဘုရားရှင်က ဆုံးမတော်မူတယ်။

ပြောင်းပြန် ပြန်ကြည့်ဦး အဲဒါလေ...ပြောင်းပြန် ပြန်ကြည့်၊ ဘုရားရှင်သာ မရှိလို့ရှိရင်, ဘုရားရှင်သာ မပွင့်လို့ရှိရင် အဲဒီ ဗြဟ္မစရိယတစ်ခုမှ ကောင်းတဲ့အကျင့် နည်းနည်းလေးမှ ကျင့်နိုင်မှာ မဟုတ်ဘူး၊ မြတ်သောအလုပ် မင်္ဂလိန်ဗွာန်အကျင့်မျိုးကို တစ်ခုမှ ကျင့်နိုင်မှာ မဟုတ်ဘူး၊ ဘုရားပွင့်လာလို့မို့ အချို့ မင်္ဂလိန်ဗွာန် တွေ့ကြရလို့ အိုနာသေရေး ဒုက္ခဘေးမှ လွတ်ကြတာဖြစ်တော့ မြတ်စွာဘုရားအတွက် အကုန်လုံး အကျိုးတွေ ရလာတယ်လို့ ဆိုရမယ်တဲ့၊ ဒီတော့ မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ္တ ကောင်းလိုက်တာ။

ခု ဘုန်းကြီး တရားဟောတယ်, စိတ်ပါလက်ပါ ဟောတယ်, အားရပါးရ ဟောတယ်, စေတနာနဲ့ ဟောတယ်, "ရိုးသားဖြောင့်မတ်ရမယ်"လို့ ကိုယ့်ကိုယ်ကို ဟောရင်း ဟောရင်း ဆုံးမသွားတယ်၊ အဲဒါတွေ ဘယ်သူ့ကြောင့်လဲ, ဘုရားကြောင့်,

ဘုရားကြောင့်၊ ဘုရားရှင် ကိုယ်တော်မြတ်တည်းဟူသော ကလျာဏမိတ္တကို တိုက်ရိုက် မဖူးလိုက်ရပေမယ်လို့ ဘုရားရှင်ရဲ့ တရားတော်တွေနဲ့တကွ ဆက်သွယ်ပြီးတော့ သိရလို့, အဲဒီ ကလျာဏမိတ္တကြောင့်ပဲ၊ ဘယ်လောက်များ ဘုန်းကြီးတို့ ဓာတ်ခံ တက်သွားသလဲ၊ ယခု ရဟန်းဒကာ–ရဟန်းအမတွေရဲ့ဓာတ်ခံ ဘယ်လောက် တက်သွားသလဲ၊ အဲ အခု မိမိတို့ ဆိုင်ရာမှာ ကုသိုလ်ကောင်းမှုတွေ ပြုပြီးတော့ နေကြတဲ့ ဒကာ–ဒကာမတွေ မှာ မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ္တ သူတော်ကောင်း ကြီးနဲ့ တွေ့လို့, သူတော်ကောင်းကြီးရဲ့စကား တစ်ဆင့်ကြား လိုက်ရလို့မို့, သူတော်ကောင်းကြီးရဲ့ တရားတွေ သိရလို့မို့ ဘယ်လောက်များ မိမိတို့ဓာတ်ခံ တက်သွားသလဲ၊ ဒါကြောင့် ကလျာဏမိတ္တအတွက် သူတော်ကောင်းတရားဓာတ်ခံ တက် တယ်ဆိုတဲ့ဥစ္စာဟာ တစ်ဝက်မကပါဘူး, အကုန်လုံးတက်တယ် လို့ ဆိုရမယ်တဲ့။

"ကလျာဏမိတ္တော–မိကောင်းဖကောင်း, ဆရာကောင်းနှင့်"၊ အဲဒီကလဲလေ အမိမကောင်း, အဖမကောင်း, ဆရာမကောင်း နဲ့ သူတွေ တိုးတက်ရမယ့်ဥစ္စာ မတိုးတက်ဘဲနဲ့ အောက်ကျ ပြီးတော့ ဓာတ်ပျက်တွေ တွေ့တာထောက်လို့ရှိရင် မိကောင်း ဖကောင်းနဲ့ တွေ့ရတာ ဝမ်းမြောက်စရာ ကောင်းတယ်၊ ဆရာကောင်း သမားကောင်းနဲ့ တွေ့ရတာ တယ် ဝမ်းသာစရာ ကောင်းတယ်၊ ကျေးဇူးတင်စရာ ကောင်းတယ်။

ကလျာဏမိတ္တော–မိကောင်းဖကောင်း, ဆရာကောင်းနှင့်, ဖော်ပေါင်းအတိ, မိတ်ကောင်း ရှိသည်၊ ဟုတွာ – ဖြစ်၍၊

ဒုက္ခိတသ–မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပုံထောက်မဲ့ဟူ, ဆင်းရဲသူ၏၊ ကိစ္စ–စားသောက် နေရေး, ဆေးဝါးပေးလျက်, လုပ်ကျွေးသမှု, ကိစ္စစုကို၊ သက္ကစ္စံ ကရောတိ–ကိုယ်ချင်းစာနာ, သနားညှာလျက်, များစွာပုံသေ, ပြုစုတတ်ပေ၏။

ဘုန်းကြီးအလေ့အထ ဘုန်းကြီးကလေ–ဒါနဲ့ စပ်ပြီးတော့ အလေ့အထလဲ ရှိတယ်၊ ဝါသနာ ဓာတ်ခံပါလာတာကိုလဲပဲ ဘုန်းကြီး ကိုယ့်ကိုယ်ကို အားရတယ်၊ တစ်ခါတုန်းက ဘုန်းကြီးဇာ ခပ်ငယ်ငယ် ဦးပဉ္စင်းဘဝ၊ ဟို မြောက်ဂန္ဓာရုံက တောင်ဘက် သီလရှင်ကျောင်းတွေဆီ ဆွမ်းစား သွားမယ်လို့ သင်္ကန်းကလေး ရုံပြီးတော့ မှုန်မှုန်မွှားမွှား အရုဏ် တက်သာသာ မလင်းတလင်းကလေး လာ၊ ဒကာမကြီးတစ် ယောက်က ဟို မိုးဇာစျေးတို့ ဘာတို့ သွားရောင်းမယ်လို့နဲ့ တူပါရဲ့၊ စျေးတောင်းကြီးကို ကြမ်းပြင်ကလေးပေါ် ချလို့, သူက မရွက်နိုင်ဘူး၊ မ-မနိုင်ဘူး၊ ခေါင်းပေါ်ရောက်အောင် မ-မနိုင်ဘူး, ဟိုကြည့် ဒီကြည့် ကြည့်နေတယ်, သူ့ ပင့်ပေးမယ့်သူကို၊ ဘုန်းကြီးက နည်းနည်း ရိပ်မိတယ်၊ "ဒကာမကြီးတော့ စျေးတောင်း ပင့်ပေးမယ့်သူ မရှိလို့ ကြည့်နေတာပဲ၊ ငါ အနားရောက်သည့်တိုင်အောင် စျေးတောင်း ပင့်ပေးမယ့်သူ မရှိရင်တော့, ငါ သွားပြီး ပင့်ပေးမှာပဲ"လို့ စိတ်က ဒီလို အောက်မေ့ပြီးတော့ ခပ်သုတ်သုတ်ကလေး ခပ်ဝေးဝေးကပဲ လာခဲ့တယ်၊ ဖိုးသူတော်ကလေးတစ်ယောက်က ရှေ့ကသွား၊ "ဦးသူတော်–ခဏ လာစမ်းပါ" ဆိုတာ ဖိုးသူတော်က မကြားလို့လား,

မပင့်ချင်လို့လား မသိဘူး၊ သူကလဲ လွန်သွားတယ်၊ ဘုန်းကြီးကသာ ပင့်ပေးချင်သေးတယ်၊ နောက်တော့ ကံအားလျော်စွာ လူတစ်ယောက်က လာလို့ လူတစ်ယောက်က ပင့်ပေးသွားတယ်၊ အဲ–ပင့်ပေးမယ်လို့လုပ်တုန်း သူ့ဆီ အနားရောက်လို့ သူ့ဆီ ရှေးရှုသွားတာ မြင်တော့ "အရှင်ဘုရား ရပြီ ရပြီ ရပြီနဲ့" သူကလဲ ဝမ်းသာအားရ လက်ခံတာနဲ့ တူပါရဲ့၊ ပြောသွားတယ်၊ စိတ်ထဲက ဒုက္ခရောက်နေတဲ့သူကို ကူညီရတာ မီးရထားမှာ, သင်္ဘောမှာ, လမ်းမှာ သိပ်ကောင်းတာပဲကိုး၊ အဲသလို စိတ်ထဲကလေ သတိ ရရနေတယ်။

"ဒုက္ခိတသ–မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပုံထောက်မဲ့မှု, ဆင်းရဲသူ၏၊ ကိစ္စ–စားသောက်နေရေး, ဆေးဝါးပေးလျက်, လုပ်ကျွေးသမှု, ကိစ္စစုကို၊ သက္ကစ္စံ ကရောတိ–ကိုယ်ချင်းစာနာ, သနားညှာလျက်, များစွာပုံသေ, ပြုစုတတ်ပေ၏"။

ကျေးဇူးသိသော ဆရာတော်ကြီးတွေ

ဒါ အလေ့အထ ရစေမယ်၊ဘုန်းကြီးတို့ ခု ကိစ္စလေးတစ်ခုပဲ စဉ်းစားကြည့်စမ်း၊ တစ်ကန့်တစ်ကန့် ဝင်စကန့်ဟာ တယ် သတိထားစရာကောင်းတယ်၊ ဆရာဝန်က ဆရာတော်ကြီးတွေ သွားပြီး ပင့်တော့ အချို့ ဆရာတော်ကြီးများကို ဆရာဝန်က ဆေးကုထားတယ်၊ အသက်တော် အရွယ်တော် ကြီးလှပြီ၊ ဆယ်တို့,ကိုးဆယ်တို့ ရောက်နေပြီ၊ တယ်တောင်မှ ဟိုနား ဒီနား မသွားချင်၊ ဆရာဝန်က သွားပင့်တယ်ဆိုရင်ပဲ "ဟာ–လိုက်ရတာပေါ့"၊ အောင်မယ်နို့ပေမယ်လို့ တော်တော်အထအကြွ

လေးတယ်၊ “ဟာ–လိုက်ရတာပေါ့”၊ အဲဒါ မလိုက်ဘူးဆိုတဲ့ စကားကို မပြောရက်နိုင်ဘူး၊ “ဟာ–လိုက်ရတာပေါ့” ဒီက ဆရာဝန်ကသာ အလိုက်သိစွာနဲ့ “ဟာ–ဆရာတော်ဘုရားတော့ ကိုယ်စားသာ ထည့်ပါဘုရား၊ ကျေနပ်ပါတယ်ဘုရား”နဲ့ လျှောက်လို့သာ၊ ဟိုကဖြင့် လိုက်မယ် တကဲကဲပဲ၊ တော်တော် တန်တန် မလိုက်ချင်ဘူး ဘာဘူးဆိုတဲ့ ဆရာတော်ကြီးတွေကလဲ တကတဲ လိုက်မယ် တကဲကဲနဲ့၊ ဘယ်လောက်များ ကျေးဇူး သိနေကြတုန်း၊ ကျေးဇူးဟာ ဘယ်လောက် တန်ဖိုးရှိသလဲဆိုတဲ့ ဥစ္စာ သူတော်ကောင်းတွေ နယ်ကျတော့ အင်မတန် တန်ဖိုးထားကြတယ်၊ နောက် ကျေးဇူးသိလို့လေ၊ ဟော–နက်ဖြန်ခါဆို တကယ့်ဆရာတော်ကြီးတွေ လိုက်မယ်၊ တချို့ တကတဲ ဘယ် အချိန်ကျ လာခဲ့မယ်နဲ့၊ လောကကြီးဟာလေ သူတော်ကောင်း နယ်ထဲမှာ ဆိုလို့ရှိရင် မေတ္တာရော ကရုဏာရော မုဒိတာရော ဗြဟ္မစိုရ်တရားတွေဟာလေ အပြည့်လွယ်လွယ်ကူကူ ရကြတယ်။

“တထာဝိဓံ–သို့ကလိုဂုဏ်အင်, စုံလင်ပေသည့်, ပညာရှိ အပေါင်း, သူတော်ကောင်းကို၊ သပ္ပုရိသံ–ဘဝနောက်နှောင်း, ကောင်းထက်ကောင်းမည့်, လမ်းကြောင်းတိုထွင်, သူတော်စင် ဟူ၍”။

နောင်လာမယ့် ဘဝမှာ ဖြစ်ရအုံးမှာ၊ ဒါလေးများ ပေါ့ပေါ့ ဆဆနဲ့ မေ့မေ့လျော့လျော့နဲ့ ဘာလို့နေချင်, ဘာလို့ နေတတ် ကြသလဲ၊ ခုဘဝမှာလဲ ငါပဲ၊ ဟိုဘက် နောင်လာမယ့် ဘဝမှာ လဲ ငါပဲ၊ ပရိနိဗ္ဗာန်စံရမယ့်ဘဝလဲ ငါပဲ၊ ပရိနိဗ္ဗာန်စံရတော့မှ ရုပ်နာက်ခပ်သိမ်း ချုပ်ငြိမ်းပြီးတော့ ငါပျောက်သွားတယ်။

"သပ္ပုရိသံ–ဘဝနောက်နှောင်း, ကောင်းထက်ကောင်းမည့်, လမ်းကြောင်းတိထွင်, သူတော်စင်ဟူ၍၊ ဝဒန္တိ–ဘုရားစသား, ပုဂ္ဂိုလ်များက, လေးစားကြည်ဖြူ, ချီးမွမ်းတော်မူကြကုန်၏"။

သူတော်ကောင်းစစ် ဖြစ်အောင် ကြိုးစား ဒါ့ကြောင့် သူတော်ကောင်းဟာ ယခု ဒီမှာ တရားနာ လာကြတဲ့ သူတွေကတော့ သူတော်ကောင်းချည်းပဲဆိုကြပါစို့ ရဲ့၊ အဲဒီ သူဝေဟ်ကောင်းအဆင့်မှာသာ တစ်နံပါတ်အဆင့်ထဲမှာလား, နှစ်နံပါတ်အဆင့်ထဲမှာလား၊ ဘယ်နေရာကျတော့ ငါ နည်းနည်းလေး တွန့်သေးတယ်၊ အဲသလို စသည်အားဖြင့် ရွေးချယ်ပြီးတော့ "ငါတော့ တစ်နံပါတ် သူတော်ကောင်းအစစ် ဖြစ်ပြီးတော့ ဘုရားချီးမွမ်းတဲ့ သူတော်ကောင်းအဖြစ် စစ်စစ်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ကပ်ပြီးတော့နေတဲ့ ဓာတ်တွေပါသွားအောင် ကြိုးစားမယ်"လို့ အဲသလို ဘုန်းကြီးက ဖြစ်စေချင်တယ်။

"ယော ဓီရော–နဂိုမူလ, ဓာတ်ခံရသဖြင့်, ဘဝနောက်နှောင်း, ကောင်းထက်ကောင်းဖို့, လမ်းကြောင်းတိထွင်, အကြင်ပညာရှင်သည်၊ ဝေ–စင်စစ်ကေန်, အမှန်စိတ်ထား, ရိုးဖြောင့်သောအားဖြင့်, ကတညူ–သူတစ်ပါးတို့, ပြုထားအပ်ဖူး, မြတ်ကျေးဇူးကို, အထူးရှိသရွေ့, သိလေ့ရှိသည်လည်းကောင်း၊ ကတဝေဒီ–သူများပြုအပ်, ကျေးဇူးရပ်ကို, တတ်သရွေ့ မှတ်သရွေ့, ဆပ်လေ့ရှိသည်လည်းကောင်း၊ ဟုတွာ–ဖြစ်၍၊ ကလျာဏမိတ္တော–မိကောင်း ဖကောင်း, ဆရာကောင်းနှင့်, ဖော်ပေါင်းအတိ, မိတ်ကောင်းရှိသည်လည်းကောင်း၊ ဒဠ္ဠဘတ္တိ–ထို မိတ်ကောင်းလဲ,

အသည်းစွဲမျှ, အမြဲမပြတ်, ဆည်းကပ်လေ့ရှိသည်လည်းကောင်း၊ ဟောတိ–ဖြစ်၏၊ ဒုက္ခိတဿ–မိမိမျက်မှောက်, ဒုက္ခရောက်သဖြင့်, ပုံထောက်မဲ့ဟူ, ဆင်းရဲသူ၏၊ ကိစ္စံ–စားသောက်နေရေး, ဆေးဝါး ပေးလျက်, လုပ်ကျွေးသမှု, ကိစ္စစုကို၊ သက္ကစ္စံ ကရောတိ–ကိုယ်ချင်းစာနာ, သနားညှာလျက်, များစွာပုံသေ, ပြုစုတတ် ပေ၏၊ တထာဝိဓံ–သို့ကလိုဂုဏ်အင်, စုံလင်ပေသည့်, ပညာရှိ အပေါင်း, သူတော်ကောင်းကို၊ သပ္ပုရိသံ–မြင့်ထက်မြင့်သည့်, အကျင့်အလွန်ကောင်း, သူတော်ကောင်းဟူ၍၊ ဝဒန္တိ–ဘုရားစသား, ပုဂ္ဂိုလ်များက, လေးစားကြည်ဖြူ, ချီးမွမ်းတော်မူကြလေသတည်း”။

ဘာဂုဏ်တွေတုန်း၊ “သူများကျေးဇူးကို သိတယ်၊ သူများကျေးဇူးကို စွမ်းနိုင်လို့ရှိရင် ဆပ်တယ်၊ ဆရာကောင်း သမားကောင်း, မိတ်ကောင်း ဆွေကောင်း, မိကောင်း ဖကောင်း ရှိတယ်၊ အဲဒီ မိတ်ကောင်းတွေကိုလဲ အမြဲ လေးလေးနက်နက် ဆည်းကပ်တယ်၊ ဆင်းရဲတဲ့သူကို ကိုယ့်မျက်မှောက် တွေ့လာလို့ ရှိရင် ကိုယ်က စွမ်းနိုင်သလောက် အကူအညီပေးတယ်” ဟောဒီ ဂုဏ်အင်္ဂါ ငါးပါးပဲ။

“တထာဝိဓံ–သို့ကလိုဂုဏ်အင်, စုံလင်ပေသည့်, ပညာရှိ အပေါင်း, သူတော်ကောင်းကို၊ သပ္ပုရိသံ–ဘဝနောက်နှောင်း, ကောင်းထက်ကောင်းမည့်, လမ်းကြောင်းတိတွင်, သူတော်စင်ဟူ၍”။

ဘုန်းကြီး ယော်ယော်က စဉ်းစားခဲ့ပုံ ဟို ဘုန်းကြီးခပ်ယော်ယော်တုန်းက စဉ်းစားတာ တစ်ခုရှိတယ်၊ ဒီ ဘုန်းကြီးဘဝနဲ့ လူ့ဘဝကို ဟိုနည်းနဲ့ စဉ်းစား, ဒီနည်းနဲ့ စဉ်းစား၊ အဲဒီလို စဉ်းစားတဲ့အထဲက တစ်နည်းစဉ်းစားတာ မကြာခင်ကမှ ပေါ်လာတယ်၊ ဟို–ရှေးတုန်းက ဒီပြင်နည်းနဲ့ စဉ်းစားတာတွေသာ ပေါ်တယ်၊ ဟို–တစ်နည်း စဉ်းစားတာက သိပ်မကြာခင်တုန်းကမှ ပေါ်လာတယ်၊ ဘာစဉ်းစားမိခဲ့သလဲ ဆိုတော့ "ငါဟာ သာသနာတော်မှာ နေရကောင်းမလား၊ လူ့ဘောင်မှာ နေရကောင်းမလား၊ ဘယ်လို အနေနဲ့ နေမလဲ"လို့ စဉ်းစားတုန်းက ဘာတစ်ခု ပေါ်လာတုန်းဆိုတော့ အဖြေကလေ "ကုသိုလ်များများရတဲ့ ဘဝကို ငါနေမယ်"။

ဆိုပါတော့"အကယ်၍များ သူဌေးကြီးဖြစ်ပြီးတော့, သို့မဟုတ် ရှင်ဘုရင်ကြီးတွေ ဘာတွေ ဖြစ်ပြီးတော့ လှူနိုင်တယ်, ပေးနိုင်တယ်, ကမ်နိုင်တယ်, စောင့်ရှောက်နိုင်တယ်ဆုံ့ လူ့ဘောင်နေမယ်၊ ဟာ ဒီလိုမှ မဟုတ်ဘူး၊ ရဟန်းဘဝနေ့ ားကမ်းနိုင်တယ်, ပို့ချနိုင်တယ်,ဟောပြောနိုင်တယ်, ကုသိုလ်တွေအများကြီး ရမယ်ဆိုရင် ရဟန်းဘဝ နေမယ်၊ အဲသလို ကုသိုလ်မရဘူးဆိုရင် နှစ်ဘဝစလုံး ငါမကြိုက်ဘူး၊ ကုသိုလ်ရတဲ့ဘဝဟာ ငါနေဖို့ ဘဝပါပဲ"လို့ အဲဒီတုန်းက အကယ်၍များပေါ့လေ ပေးလို့, ကမ်းလို့ မကုန်နိုင်လောက်အောင် ပေးနေတယ်ဆိုလို့ရှိရင် မကုန်နိုင်ဆိုတာ နဂိုက မကုန်နိုင်ဘူး မဟုတ်ပေမယ်လို့ မိမိရဲ့ အလုပ်အကိုင်နဲ့ မကုန်နိုင်လောက်အောင်ကို ပေါ်တယ်ဆိုလို့ရှိရင် မှန်မှန်နေ့တိုင်းပေးပြီးတော့ ပျော်ပျော်ကြီး အဲဒီလိုပဲ နေမှပါ၊

အဲဒီလို မဟုတ်လို့ရှိရင်လဲပဲ ယခုဘဝမျိုးနဲ့ဟာ ပေးကမ်းလို့, ပို့ချလို့, ဟော်ပြောလို့, ရေးသားလို့, ဒီလို နေရလို့ရှိရင်လဲ ဘုန်းကြီး တော်တော်ငယ်ငယ်ကလေးထဲက တော်တော်လေး ကုသိုလ်များများရတဲ့ဘဝကို နေမယ်လို့ ဘုန်းကြီး ဆုံးဖြတ်ချက်ချတာ တစ်ချိန်က ရှိခဲ့ဖူးတယ်၊ အဲဒါ မေ့နေတဲ့ဥစ္စာ မကြာခင်ကမှ ပြန်ပေါ်လာလို့ ဒါလဲ ငါ့စဉ်းစားချက်ဟာ ပြန်ပြီးတော့ စဉ်းစားရမှာပဲလို့ အဲသလို သဘောရတယ်၊ ဒါ့ကြောင့် အားလုံး ပုဂ္ဂိုလ်တွေ, ဟော–ယခုလူတွေ, လူဘက်ကနေပြီးသကာလ လူကုသိုလ်တွေ အများကြီးပြုကြ၊ ဒကာဘက်က နေပြီးလကာလ ဒကာကုသိုလ်တွေ အများကြီး ပြုကြ၊ သာသနာကို အများကြီး ပြုကြ၊ မရှိဆင်းရဲတဲ့ သူတွေကို ကိုယ့်အောက်လူတွေကို ညှာကြ၊ ဒီလိုဆိုရင် ဘဝနောက်နှောင်းမှာ ကောင်းထက်ကောင်းဖို့ ရန် တီထွင်တာပေါ့လို့–

"တထာဝိဓံ–သို့ကလိုဂုဏ်အင်, စုံလင်ပေသည့်, ပညာရှိ အပေါင်း, သူတော်ကောင်းကို၊ သပ္ပုရိသံ–ဘဝနောက်နှောင်း, ကောင်းထက်ကောင်းမည့်, လမ်းကြောင်းတီထွင်, သူတော်စင်ဟူ၍၊ ဝဒန္တိ–ဘုရားစသား, ပုဂ္ဂိုလ်များက, လေးစားကြည်ဖြူ, ချီးမွမ်းတော်မူကြလေသတည်း"။

လက်လှမ်းမီလျက်သားနဲ့ မလိုက် မရှိရ

ဒီတော့ တရားဆိုတဲ့ဥစ္စာလေ ဘုန်းကြီးက ကိုယ်လက်လှမ်းမီတဲ့တရား ဟော ပေးရင် လိုက်တာကို သဘောကျတယ်၊ နာပြီးတော့ ကိုယ်လက်လှမ်းမီရက်သားနဲ့ မလိုက်ဘူးဆိုရင်

ဒီသူတော်ကောင်းလက္ခဏာ အလိုလို ခွဲတမ်းယွင်းသွားတယ်၊ ကိုယ့်ကိုယ်တိုင်က မလိုက်ကို မလိုက်နိုင်အောင် မြင့်နေတဲ့ တရားမို့ မလိုက်ဘူးဆိုရင်တော့ ဒါကတော့ အပြစ် မပြောသာပါဘူး၊ ယခု ဘုန်းကြီးပြောတဲ့ တရားက လိုက်နိုင်တဲ့တရား, အဲဒီ လိုက်နိုင်တဲ့တရားကို ပြောပါလျက်နဲ့ မလိုက်ဘူးဆိုလို့ရှိရင် ဒီအင်္ဂါနဲ့ ခွဲတမ်းယွင်းသွားပြီး အလိုလို ကိုယ့်ကိုယ်ကို အထင်သေးစရာ ဖြစ်ပြီးတော့ သေခါနီးကျတော့ အင်မတန် ကြောက်ကြောက်လန့်လန့် ဖြစ်ပါလိမ့်မယ်၊ မိမိ လိုက်နိုင်လောက်တဲ့ တရားကို ဟောတဲ့ဥစ္စာကို နေရာတိုင်းမှာ သူ့အဆင့်အတန်းနဲ့ ကြည့်ပြီးတော့ လိုက်လိုက် လိုက်လိုက်သွားတယ်ဆိုလို့ရှိရင် "ငါဟာ သူတော်ကောင်းပဲ၊ ဟိုဘဝမှာ ဒီထက်မြင့်မှာပဲ" လို့ အဲသလို စိတ်ထဲက ဆုံးဖြတ်ချက် ချနိုင်တာဖြစ်တော့ သေရမှာလဲ မကြောက်ပါဘူး။

နိဂုံးချုပ်တိုက်တွန်းချက် အဲဒါကြောင့် မိမိတို့ တစ်ဘဝသံသရာမှာ နိဗ္ဗာန် မျက်မှောက်မပြုနိုင်သရွေ့ သွားရာဘုံမှာ ဖြစ်တော့ ယခုနယ်က သူတော်ကောင်းစင်စစ် ဖြစ်အောင်ဟာလေ ဒါနကို ပြုတော့လဲ ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ် ပြုကြ၊ ငါးပါးသီလက စပြီးတော့ သီလကိုလဲပဲ စွမ်းနိုင်သမျှ ထိန်းကြ, သိမ်းကြ၊ ယခုခေတ်ဟာ ဘာဝနာကိုလဲ အားလုံးဟောပြောပြီးတော့ ဆုံးမနေကြတဲ့ ခေတ်ဖြစ်တော့ ဘာဝနာလဲပဲ မကြာခဏ သတိရလို့၊ ဟုတ်တယ်, ဒီခန္ဓာကိုယ်ကြီးဟာ မမြဲဘူးနော်၊ တဖြည်းဖြည်း အိုလာပြီ၊ ဒီခန္ဓာကိုယ်ကြီး အိုလာတာဟာ ဘာလို့အိုသလဲ၊ အိုတာဟာ သေဖို့ရာ အိုတာပဲ၊

တဖြည်းဖြည်း သေမှာပဲ၊ "အနိစ္စခန္ဓာကိုယ်ကြီး၊ ဒီခန္ဓာကိုယ်ကြီး ဟာ ငါက မအိုချင်ဘဲနဲ့ အိုနေတဲ့, အစိုးမရတဲ့, အနှစ်သာရ မရှိတဲ့ ခန္ဓာကိုယ်ကြီး၊ ဒီခန္ဓာကိုယ်ကြီးဟာ ငါက မသေချင်ဘဲ သေရအုံးမယ်၊ ငါ့အလို မလိုက်နိုင်တဲ့, အနှစ်သာရ မရှိတဲ့ အနတ္တခန္ဓာကိုယ်ကြီး"၊ အဲသလို စိတ်ထဲက တွေးပြီးတော့ ဒီခန္ဓာကိုယ်ထဲက အဆီအနှစ်ဖြစ်တဲ့ ပါရမီတွေကို ငါ ထုတ်ယူလိုက်မယ်၊ ဒီခန္ဓာကိုယ်ထဲက အဆီ အနှစ်ဖြစ်တဲ့ ဝိပဿနာဉာဏ်တွေ ငါ ထုတ်ယူလိုက်မယ်၊ ဒီ ခန္ဓာကိုယ်ထဲက ဘဝသံသရာမှာ အဆုံးသတ်မယ့် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း အကောင်းဆုံးဖြစ်တဲ့ ပါရမီကုသိုလ်တွေကို ငါရအောင် ကြိုးစားလိုက်မယ်။

အနှစ်သာရမရှိတဲ့ ခန္ဓာကိုယ်ထဲက အနှစ်သာရရှိတဲ့ ပါရမီ ကုသိုလ်တွေကို ငါထုတ်ယူလိုက်မယ်၊ ငါ့ရှိတဲ့ ဥစ္စာတွေက ဘယ်လိုပဲ ငါကသိမ်းသိမ်း တဖြည်းဖြည်း ကုန်ခမ်းရမယ့် ဥစ္စာတွေပဲ၊ အနှစ်သာရ မရှိတဲ့ ဥစ္စာတွေထဲက အနှစ်သာရရှိတဲ့ ပါရမီကုသိုလ်တွေ, မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ် သော တရားတွေကို ငါထုတ်ယူသောအားဖြင့် ငါလှူလိုက်မယ်, တန်းလိုက်မယ်, ပေးလိုက်မယ်, ကမ်းလိုက်မယ်, မရှိဆင်းရဲသူ တွေ ညှာတာလိုက်မယ်, စောင့်ရှောက်လိုက်မယ်၊ ငါ အနှစ်သာရ ဖြစ်တဲ့ ပါရမီတရားတွေကို အနှစ်သာရမရှိတဲ့ ဥစ္စာထဲက ထုတ်ယူလိုက်မယ်၊ ဟော—တယ် စိတ်ထဲကလေ သူတော်ကောင်း လက္ခဏာနဲ့ညီညီ စဉ်းစားမယ်ဆိုလို့ရှိရင် ကောင်းတဲ့ ဝိပဿနာ တရားတွေဟာ ရနေပြီး အမြဲမရှိတဲ့ ခန္ဓာကိုယ်ထဲက မြဲတဲ့

နိဗ္ဗာန်ကို ငါမြန်မြန်ရအောင် ထုတ်ယူလိုက်မယ်၊ အမြဲမရှိတဲ့ ဒီခန္ဓာကိုယ်ထဲက မြဲတဲ့နိဗ္ဗာန်ကို မြန်မြန်ရောက်အောင် ငါ ထုတ်ယူလိုက်မယ်၊ ယခု ပြောရင်းဆိုရင်း စဉ်းစားရင်းပဲ တစ်အိုထဲ အိုနေတဲ့, သေဖို့ရန် ရှေးရှုနေတဲ့, ဆင်းရဲတဲ့ ဒီခန္ဓာကိုယ်ထဲက သုခအစစ်ဖြစ်တဲ့ နိဗ္ဗာန်ကို မြန်မြန်ရရာရကြောင်း ကောင်းမှုပါရမီကို ထုတ်ယူလိုက်မယ်၊ အနှစ်သာရမရှိတဲ့, ယခု ငါက မအိုချင်ပဲနဲ့ သူကအိုနေတဲ့အတွက် ငါ့အလိုမလိုက်တဲ့ မအိုသင့်ပဲနဲ့ အိုနေသည့်အတွက်ကြောင့် မခိုင်မြဲတဲ့ အနတ္တဖြစ်တဲ့ ဒီခန္ဓာကိုယ်ထဲက, အနှစ်သာရ မရှိတဲ့, ငါ့အလို မလိုက်ပါနိုင်တဲ့ ဒီခန္ဓာကိုယ်ထဲက အနှစ်သာရဖြစ်တဲ့ ပါရမီကောင်းမှုကုသိုလ်တွေကို ထုတ်ယူလိုက်မယ်လို့ အဲသလို သူတော်ကောင်း ပီပီ ဝိပဿနာဉာဏ်နဲ့လေ အနိစ္စ ဒုက္ခ အနတ္တ ဒီခန္ဓာကိုယ်ကြီးကို တင်ပြီးသကာလ, ဝိပဿနာကောင်းမှုများ ကြိုးစားပြီးတော့ သူတော်ကောင်းစစ်စစ်ကို အခြေခံပြီးသကာလ ဘဝနောက်နှောင်း ကောင်းပြီးသကာလ ရပ်နာမ် အဆုံးသတ်ကို မိမိ မျက်မှောက်ပြုနိုင်အောင်, နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင်, ယခုနှယ်က ထိပ်တန်း သူတော်ကောင်း ဖြစ်အောင် ကိုယ်စီကိုယ်ငှ ကြိုးစားနိုင်ကြစေကုန်သတည်း။

သူတော်ကောင်းလက္ခဏာတရားတော်

ပြီးပြီ။

အမရပူရမြို့, မဟာဂန္ဓာရုံကျောင်းတိုက်

နာယကချုပ်ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ, ဗဟုဇနဟိတရရ မဟာမွေကထိက

အရှင်ကုဏ္ဍလာဘိဝံသ၏

သဒ္ဓါဒကထာ

****

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ, ဗဟုဇနဟိတရ မဟာဓမ္မကထိက

အရှင်ကုလ္လာဘိဝံသ၏

ဩဝါဒကထာ

❋❋❋❋❋❋❋❋❋❋

မိမိတို့ ရတောင့်ရခဲ ရရှိထားအပ်သော လူ့ဘဝ လူ့ခန္ဓာကိုယ်လေးကို မတူသင့်သော လူသုံးမျိုးနှင့် မတူစေဘဲ တူသင့်သော လူတစ်မျိုးနှင့်သာ တူစေရသည်။

(က) မတူသင့်သော လူသုံးမျိုးမှာ -

(၁) ငရဲသားနှင့်တူသောလူ,
(၂) ပြိတ္တာနှင့်တူသောလူ,
(၃) တိရစ္ဆာနှင့်တူသောလူများ ဖြစ်ကြသည်၊

(ခ) တူသင့်သော လူတစ်မျိုးဟူသည်-

ပရမတ္ထမနုဿခေါ် မြင့်မြတ်သော ဘုရားအလောင်း, ပစ္စေကဗုဒ္ဓါအလောင်း သူတော်ကောင်းလူများဖြစ်ကြသည်။

(၁) ငရဲသားနှင့်တူသောလူဟူသည် မြန်မာနိုင်ငံနှင့် ကမ္ဘာနိုင်ငံအသီးအသီးရှိ အချုပ်ခန်းကြီးများ, အကျဉ်းထောင်ကြီးများထဲမှာ အချုပ်ကျ, ထောင်ကျခံနေရသော လူများဖြစ်ကြသည်။

ငရဲသားနှင့် တူပုံကား – ငရဲဘုံကြီးများ၌ ကျရောက်လျက် ငရဲခံနေရသော သတ္တဝါများသည် ငရဲထိန်းကြီးများ နှိပ်စက်သမျှ ခံနေကြရသည်၊ သွားလိုရာလည်း မသွားရ, စားလိုရာလည်း မစားရ, နေလိုသလိုလည်း မနေကြရရှာပေ၊ ငရဲထိန်းကြီးများ ရိုက်သမျှ ခံကြရ, ထိုးခုတ်သတ်ပုတ်သမျှ ခံနေကြရရှာသည်။

ထို့အတူ အချုပ်ခန်းမှ လူများ, အကျဉ်းထောင်ထဲမှလူများလည်း မိမိ နေလိုသလို မနေရဘဲ တစ်ယောက်နှစ်ယောက်သာ နေဖို့သင့်သော အခန်းကျဉ်းထဲ၌ ၁၀ ယောက်, ၁၅ ယောက် ပြွတ်သိပ်၍ နေကြရသည်၊ မှက်, ခြင်, ကြမ်းပိုး ကိုက်ထိုးသမျှ ခံကြရသည်၊ အခင်းအနှီးမပါ ဗလာအိပ်ကြရသည်၊ အခန်းတွင်းရှိ အားလုံး၏ အညစ်အကြေး (မစင်ကျင်ကြီး, ကျင်ငယ်)အိုးကြီးမှ ထွက်လာသမျှ အနံ့အသက်များကို ခေါင်းနောက်လောက်အောင် ရှူရှိုက်၍ နေကြရသည်၊ ဆိုင်ရာအာဏာပိုင်တို့၏ နှိပ်စက်သမျှ ခံနေကြရသည်၊ ထို့ကြောင့် ထိုအချုပ်ခန်း, အကျဉ်းထောင်ကျ လူများကို ငရဲသားနှင့် တူသောလူများဟု ခေါ်ရသည်။

မိမိကိုယ်ကို ထိုကဲ့သို့ ငရဲသားနှင့် တူသောလူ ဖြစ်မသွားအောင် သတိဆောင်ရာ၏။

(၂) ပြိတ္တာနှင့်တူသောလူဟူသည် မြန်မာနိုင်ငံနှင့် ကမ္ဘာနိုင်ငံ အသီးအသီးရှိ အစားငတ်ငတ်, အဝတ်အဆင်ငတ်ငတ်, နေစရာ ထိုင်စရာငတ်ငတ်ပုဂ္ဂိုလ်များတည်း။

အစား မပြည့်စုံ, အဝတ်အဆင် မပြည့်စုံ၍ လှည့်လည် တောင်းရမ်း စားသောက်နေရသူ၊ နေစရာ ထိုင်စရာ မရှိ၍ လမ်းဘေးသစ်ပင်, ချုံပုတ်စသည်မှာ ခိုကပ်နေရသူ၊ ဘုရားကြို ဘုရားကြား, ကျောင်းအို ကျောင်းကြား, ဓရပ်အို ဓရပ်ကြား ခိုကပ်နေကြရသူ များတည်း။

ပြိတ္တာနှင့်တူပုံကား–ပြိတ္တာဘုံရောက် ပြိတ္တာကြီးငယ်များသည် အစားငတ်ပြတ်၍ လူတို့၏ အညစ်အကြေးများ, တံတွေးပေါက်, ချဲ့ သလိပ်နှင့် နှပ်များကို ကောက်၍ စားကြရ, အဝတ်အဆင် စုတ်စုတ်ပြတ်ပြတ်, သို့မဟုတ် လုံးဝအဝတ်မရှိ, အတိဒုက္ခ နေကြရသလို လူပင်ဖြစ်သော်လည်း ထိုကဲ့သို့ အစား အဝတ် အဆင်, နေစရာ ထိုင်စရာ အငတ်ငတ်အပြတ်ပြတ် ရှိနေသူများ ဖြစ်ကြသည်။

မိမိကိုယ်ကို ထိုကဲ့သို့ ပြိတ္တာနှင့် တူသောလူလည်း မဖြစ် စေရပေ။

(၃) တိရစ္ဆာန်နှင့်တူသော လူဟူသည် တိရစ္ဆာန်များသည် မသိတတ်မှု, မိုက်မဲမှု အားကြီးကြသကဲ့သို့ လူပင်ဖြစ်သော် လည်း မသိတတ်မှု, မိုက်မဲမှု အားကြီးသူများသည် တိရစ္ဆာန် နှင့် တူသောလူများ ဖြစ်ကြသည်။

တိရစ္ဆာန်များသည် ဘုရားနှင့် ဘုရားဂုဏ်တော်များ, ကျေးဇူး များကို မသိကြ၊ ထို့အတူ တရား,သံဃာနှင့် တရား,သံဃာ ဂုဏ်ကျေးဇူးများကို မသိကြ၊ မိဘဘိုးဘွား ဆရာသမားများ၏ ကျေးဇူးဂုဏ်ကို မသိကြ၊ ကုသိုလ်,အကုသိုလ်ကိုလည်း မသိကြ။

ထို့အတူ လူပင်ဖြစ်သော်လည်း အချို့လူများသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မသိကြ၊ မိဘ ဆရာသမားများ၏ ဂုဏ်ကျေးဇူးများကို မသိကြ၊ ကုသိုလ်မှန်း အကုသိုလ်မှန်း ခွဲခြမ်း၍ မသိကြ၊ ထို ကုသိုလ် အကုသိုလ်တို့၏ ကောင်းကျိုး ဆိုးကျိုးကိုလည်း မသိကြ၊ လုပ်မိလုပ်ရာ လုပ်ကြ၏၊ ထိုသူတို့သည် လူပင်ဖြစ်သော်လည်း မသိမိုက်မဲမှု အားကြီးသဖြင့် တိရစ္ဆာန်နှင့် တူသောလူများ ဖြစ်ကြသည်။

မိမိကိုယ်ကို တိရစ္ဆာန်နှင့် တူသောလူလည်း မဖြစ်စေရပေ။

(ခ) တူသင့်သော လူတစ်မျိုးဟူသည် ပရမတ္ထမနုဿခေါ် ဘုရားအလောင်းတော်ဖြစ်သော လူ, ပစ္စေကဗုဒ္ဓါအလောင်းတော်, အဂ္ဂသာဝက မဟာသာဝက အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမများ ဖြစ်ကြသော လူများတည်း။

ထို မြင့်မြတ်သော လူများသည် မြင့်မြတ်သော အလုပ်ကို လုပ်ကြ၏၊ လှူဒါန်းပေးကမ်း စွန့်ကြဲမှု ဒါနပါရမီ, ထိန်းသိမ်းမှု သီလပါရမီ, ပွားများ အားထုတ်မှု ပညာပါရမီ ဘာဝနာမှုတို့ကို အခွင့်ရတိုင်း ပြုကြ၏။

ထို့အတူ အချို့သော လူများသည်လည်း ထို မြင့်မြတ်သော လူများ ပြုလုပ် အားထုတ်လေ့ရှိသော အလုပ်များကို ပြုလုပ် အားထုတ်ကြသဖြင့် မြတ်သောလူနှင့် တူသူများဟု ဆိုရသည်။

မိမိကိုယ်ကို ထိုကဲ့သို့ မြတ်သောလူများ၏ ကျင့်စဉ်ကောင်းများကို ကျင့်ကြံကြိုးကုတ် အားထုတ်၍ ထို လူမြတ်များ ရောက်ရာဌာန လွဲ.ရှာ နတ်ထံ နိဗ္ဗာန်တိုင်ထိ ရောက်ရှိအောင် ကြိုးစားရာ၏။

[ဆောင်] ငရဲသားလူ, ပြိတ္တာလူ, အမူ ဝေးကြစေ၊
တိရစ္ဆာန်လူလဲ, ရှောင်ကြဉ်ဖဲ့, အမြဲဝေးကြစေ၊
လူနှင့်တူသူ, လူလိုလူ, ဆူဆူ ဖြစ်ကြစေ။

အရှင်ကုဏ္ဍလာဘိဝံသ၏ ဩဝါဒကထာ
ပြီး၏။

ဓမ္မဒါနဆုတောင်း

ပညာ ပသတ္ထာ လောကသ္မိံ, ပညာ ဝိသေသဘာဂိနီ၊
ပညာသံဝုနတ္ထာယ, ဣမံ နော ဒမ္မ မဂ်လေ။

လောကသ္မိံ - လူ့ဘုံနတ်ဘုံ, ငြဟ္မာ့ဘုံဟု, ဆန်စုံလေရ, ဤလောက၌၊ ပညာ-အခါအခါ, အရာရာဝယ်, စာနာနှိုင်းညှိ, အသိအလိမ္မာ, ဉာဏ်ပညာသည်၊ ပသတ္ထာ-စီးပွားအရေး, ကြီးပွားရေး၌, ဘေးအန္တရာယ်, ရန်စွယ်ဖျက်ဖြုန်း, အထက်ဆုံးမို့, သုံးလေသုံးလေ, ကောင်းမြတ်လှပေ၏၊ ပညာ-စျာန်ခန်းမဂ်ခန်း, အထက်လမ်းသို့, တက်လှမ်းညွှန်ပြ, သမထဝိပဿနာ, ဉာဏ်ပညာသည်၊ ဝိသေသဘာဂိနီ-တစ်ဆင့်ထက်တစ်ဆင့်, ရင့်ထက်ရင့်အောင်, အသင့်ပုံသေ, ရဖို့လည်းရှိပါပေ၏။

နော မယံ-စဉ်လာမည့်ငါး, ပညာကျိုး၏, တန်ခိုးမြင့်မြှော်, ကျွန်တော် ကျွန်မတို့သည်၊ မဂ်လေ-ဓမ္မဒေသနာ အဖြာဖြာကို, စေတနာထား မေတ္တာပွားလျက်, ကျိုးများစေရန် စိတ်ရည်သန်၍, မဂ်လာပြုရာ ယခုအခါ၌၊ ပညာသံဝုနတ္ထာယ-ဘဝစဉ်လာ, မယှဉ်သာအောင်, ပညာပြိုးပြက်, တန်ခိုးထွက်၍, တိုးတက်ဖို့ အကျိုးငှာ၊ ဣမံ (ဓမ္မစေတိယံ) - သူတော်ကောင်းလက္ခဏာ, ကောင်းစွာခေါ်မှတ်, ဤဓမ္မစေတီတော်မြတ်ကို၊ ဒမ္မ (ဒဒါမ)-ဓမ္မဒါန, အလှူရအောင်, ဝေဌကမ်းလှမ်း, လှူဒါန်းပူဇော်ပါကုန်သတည်း။